# ချော်လဲရောထိုင်

# နေခဲ့မည်ဆိုလျှင်

ပြောကြားသူ

မုဗ်သိသကိး (အုဆ်မာနိ)

ပြန်ဆိုသူ

မော်လဝိ ဟာဖိဇ် ဝိရာဂျုဒ္ဒီးန် (မဇ္ဇာဟေရိ)

တည်းဖြတ်သူ

မော်လဝိ အိဗာ (မဟ်မူဒီ) ပဲနွယ်ကုန်း

# ချော်လဲကျောထိုင်ကာ
# နေခဲ့မည်ဆိုလျှင်


**ဟောကြားသူ**

မုဖ်သီသကီး(အုဆ်မာနီ)

**ပြန်ဆိုသူ**

မော်လဝီ ဟာဖိဇ် ဓိရာဂျွဒ္ဒီးန် (မဇ္ဇာဟေရီ)

**တည်းဖြတ်သူ**

မော်လဝီ အီစာ (မဟ်မူဒီ) ပဲန္ဒယ်ကုန်း

## ပို၍ကောင်း၏

☆ အမျိုးသားများ အရက်တရားထားရှိခြင်းသည် ကောင်း၏။ သို့သော် အမျိုးသမီးများ အရက်တရားထားရှိခြင်းသည် ပို၍ကောင်း၏။

☆ လူတိုင်း လူတိုင်း တရားမျှတစိတ်ထားရှိခြင်းသည် ကောင်း၏။ သို့သော် ခေါင်းဆောင်များနှင့် တရားသူကြီးများ တရားမျှတစိတ်ထားရှိခြင်းသည် ပို၍ကောင်း၏။

☆ အသက်အရွယ်ကြီးရင့်သူများ သောင်ဝဲဗဟ် အမှားဝန်ခံခြင်းသည် ကောင်း၏။ သို့သော် ပျိုရွယ်သူများ သောင်ဝဲဗဟ် အမှားဝန်ခံခြင်းသည် ပို၍ကောင်း၏။

☆ သူဌေးသူကြွယ်များ ရက်ရောခြင်းသည် ကောင်း၏။ သို့သော် ဆင်းရဲသားများရက်ရောခြင်းသည် ပို၍ကောင်း၏။

## ပို၍ဆိုး၏

☆ ပျိုရွယ်သူများ မကောင်းမှုကျူးလွန်ခြင်းသည် ဆိုး၏။ သို့သော် အသက်အရွယ်ကြီးရင့်သူများ မကောင်းမှုကျူးလွန်ခြင်းသည် ပို၍ဆိုး၏။

☆ မသိပညာမဲ့သူများ လောကီရေး၌နစ်မွန်းနေခြင်းသည် ဆိုး၏။ သို့သော် အသိပညာရှင်များ လောကီရေး၌နစ်မွန်းနေခြင်းသည် ပို၍ဆိုး၏။

☆ အလွှာဟ်အရှင်မြတ်၏အမိန့်နာခံရာတွင် လူသားအားလုံး ပျင်းရိနေကြခြင်းသည် ဆိုး၏။ သို့သော် အာလင်မ်များနှင့် သာသနာ့ပညာဆည်းပူးနေကြသူများ ပျင်းရိကြခြင်းမှာ ပို၍ဆိုး၏။

☆ သူဌေးသူကြွယ်များ မာနထားခြင်းသည် ဆိုး၏။ သို့သော် အာလင်မ် (သာသနာ့အသိပညာရှင်) များ မာနထားခြင်းသည် ပို၍ဆိုး၏။

بسم الله الرحمن الرحيم

الحمد لله الذى وصف من أمر بالمعروف ونهى عن المنكر خير أمة والصلوة والسلام على من بعث الينا داعيا الى الله

အရာရာတိုင်းသည် ဒွန်တွဲလျက်ရှိသည်။

အရာတစ်ခုသည် အကျိုးပြုရန် စနစ်တကျရှိဖို့လိုသည်။ ဆေးအာနိသင်ရှိရန်မှာ အညွှန်းအတိုင်း အသုံးချဖို့လိုသည်။ လုပရန်အတွက် ဆင်ယင်ထုံးဖွဲ့တတ်ဖို့ လိုသည်။ အစပ်အဟပ်တည့်မှ ဟင်းကောင်းတစ်ခွက်ရမည်။ အစွန်းနှစ်ဖက်ရောင်နိုင်ပါမှ အလယ်အလတ်ကျမည်။

ဆင်ယင်ထုံးဖွဲ့မတတ်လျှင် မသာနှင့်ပန်း မလိုက်ဖက်ဖြစ်တတ်သည်။ အမြင်မတော် ဆင်တော်နှင့် ခလောက်ဖြစ်တတ်သည်။

သာမန်အမှုမှသည် အဆင့်မြင့်ထိတိုင် အံဝင်ခွင်ကျဖြစ်ဖို့ရန်မှာ လွန်စွာအရေးပါလှသည်။ အမှုကိစ္စများအနက် ဘာသာ သာသနာ၏အမှုမှာ အဆင့်အမြင့်ဆုံးဖြစ်သည်သာမက သာသနာပြုသည့်အမှုမှာ ပို၍ပင် အရေးကြီးသည်။

သာသနာတော်၌ ကောင်းရာညွှန်လတ်၊ မကောင်းမြစ်တားအမှုကိုချုံ၍ "ဒဏ်ဝတ်" (သို့) သပ်လီးဂ် သာသနာပြုဖိတ်ခေါ်မှုဟု ကင်ပွန်းတပ်ထား၏။ ကောင်းရာညွှန်လတ်သည်ထက် မကောင်းမြစ်တားမှုမှာ ပို၍ အရေးပါသည်ကို ဆင်ခြင်မိသူတိုင်း လက်ခံကြမည်ဖြစ်သည်။

ကောင်းရာညွှန်လတ်သည် အဟာရနှင့်တူပြီး မကောင်းမြစ်တားခြင်းသည် ဆေးဝါး (သို့) ရှောင်ကြဉ်ခြင်းနှင့်တူသည်။

အဘယ်မျှ ကောင်းသောအဟာရနှင့် ဆေးဝါးကို မှီဝဲနေလင့်ကစား ရှောင်ကြဉ်မှုမရှိလျှင် အဟာရလည်းမဖြစ်၊ ဆေးအာနိသင်၏အကျိုးလည်း ခံစားရမည်မဟုတ်။ မကောင်းမြစ်တားအမှုတွင်လည်း နည်းစနစ်မကျ၊ အဆင့်ခွဲ မကျင့်ဆောင်လျှင် (အတ္တဖက်လျှင်) မလိုလားအပ်သောဆိုးကျိုးများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ထို့ကြောင့် ချော်လဲရောထိုင်ကာမနေမိကြစေရန် သတိချပ်သင့်သည်။

မော်လဝီအီစာ-မဟ်မူဒီ

ပဲခူးယ်ကုန်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မကောင်းမှုကိုတားမြစ်ပါ (သို့မဟုတ်) | ၇ |
| | မကောင်းမှုကိုမြစ်တားရမည့်အဆင့်သုံးဆင့် | |
| ၂။ | ပျက်စီးခြင်းမှလွတ်ကင်းရန် လမ်း(၄)သွယ် | ၉ |
| ၂။ | ပျက်စီးခဲ့ရသည့်သူတော်စင်တစ်ပါးအကြောင်း | ၁၀ |
| ၃။ | ပြစ်မှုမကျူးလွန်သူလည်း ပြစ်ဒဏ်လာလျှင်ခံရမည် | ၁၂ |
| ၄။ | မကောင်းမှုကို တားမြစ်ရမည့်ပထမအဆင့် | ၁၃ |
| ၅။ | လင်္ကာဆရာ ဖိုင်ဋ္ဌီ၏အကြောင်းတစ်ရပ် | ၁၄ |
| ၆။ | စိတ်ထိခိုက်မည်ကို ဂရုစိုက်စရာမလို | ၁၆ |
| ၇။ | တာဝန်မကျေပွန်သူသည် အပြစ်ကျူးလွန်သူဖြစ်သည် | ၁၇ |
| ၈။ | ပြဿနာဖြစ်မည်ကိုစိုးရိမ်ရလျှင် နှုတ်ဖြင့်သာတားပါ | ၁၈ |
| ၉။ | အကြီးအကဲခေါင်းဆောင်များ | |
| | မကောင်းမှုများကိုတားမြစ်ပါ | ၁၉ |
| ၁၀။ | မင်္ဂလာဆောင် (သို့မဟုတ်) | |
| | သီဆိုကခုန်ခြင်းအခမ်းအနား | ၂၀ |
| ၁၁။ | နဖူးထု၍ငိုရလိမ့်မည် | ၂၄ |
| ၁၂။ | မကောင်းမှုကိုတားမြစ်ရမည့်ဒုတိယအဆင့် | ၂၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | တမန်တော်မူစာ ﷺ အား နူးညံ့စွာပြောဆိုရန် လမ်းညွှန်ခြင်း | ၂၈ |
| ၁၄။ | နှုတ်လျှာဖြင့်တားမြစ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များ | ၃၀ |
| ၁၅။ | လူငယ်တစ်ဦး၏အဖြစ်အပျက် | ၃၂ |
| ၁၆။ | ကျေးတောသားတစ်ဦး၏အဖြစ်အပျက် | ၃၄ |
| ၁၇။ | ကျွန်ုပ်တို့သစ်လီးဂ်လုပ်နေသည့်ပုံစံ | ၃၆ |
| ၁၈။ | သင့်အလုပ်မှာ စကားပါးရန်သာဖြစ်သည် | ၃၇ |
| ၁၉။ | မကောင်းမှုကို စိတ်ဖြင့်ပြောင်းလဲပေးရမည်ဆိုသည်မှာ | ၄၂ |
| ၂၀။ | ကျွန်ုပ်တို့သောကပိုက်ကြပါစို့ | ၄၄ |
| ၂၁။ | တမန်တော်မြတ် ﷺ နှင့် ပူဆွေးသောက | ၄၅ |
| ၂၂။ | ကျွန်ုပ်တို့ ဥပေက္ခာပြုထားလိုက်ကြပြီ | ၄၈ |
| ၂၃။ | စကားတွင် မည်သို့ထိရောက်မှုရှိနိုင်မည်နည်း | ၅၀ |
| ၂၄။ | ဆိုင်ယိဒ် အစ္စမာဒီလ် ရှဟီဒ်ရှာဟ် ﷺ သခင်၏ အဖြစ်အပျက်တစ်ခု | ၅၂ |
| ၂၅။ | နိဂုံး (သို့) ရှင်းလင်းချက် | ၅၄ |

بسم الله الرحمن الرحيم

## မကောင်းမှုကိုတားမြစ်ပါ (သို့မဟုတ်)
## မကောင်းမှုကိုမြစ်တားရမည့်အဆင့်သုံးဆင့်

عَنْ اَبِىْ سَعِيْدِ الْخُدْرِىْ ﵁ قَالَ: سَمِعْتُ
رَسُوْلُ اللهِ ﷺ مَنْ رَّاٰى مِنْكُمْ مُنْكَرًا فَلْيُغَيِّرْهُ
بِيَدِهٖ فَاِنْ لَّمْ يَسْتَطِعْ فَبِلِسَانِهٖ فَاِنْ لَّمْ يَسْتَطِعْ
فَبِقَلْبِهٖ وَذَالِكَ اَضْعَفُ الْاِيْمَانِ

﴿صحيح مسلم ـ كتاب الايمان باب بيان
كون النهى عن المنكر من الايمان﴾

ဟဇရတ် အဗူစအီးဒ်ခုဒ်ရီ ﵁ သခင်မှ တမန်တော်မြတ် ﷺ ၏မိန့်ခွန်းတော်ကို ဆင့်ပြန်သည်မှာ ....

''အသင်တို့အနက် တစ်ဦးတစ်ယောက် မကောင်းမှု ကျူးလွန်နေသည်ကို တွေ့မြင်ရပါက ပထမဦးစွာ (ထိုမကောင်း

မှုကျူးလွန်သူကို လက်ဖြင့်တားမြစ်သင့်သည်) ဆိုလိုသည်မှာ ထိုမကောင်းမှုပြုလုပ်သူကို သာမန်မျှတားမြစ်ခြင်းမဟုတ်ဘဲ မိမိလက်ဖြင့် တစ်စုံတစ်ရာပြောင်းလဲပေးရမည်။

အကယ်၍ လက်ဖြင့် တားမြစ်ပြောင်းလဲနိုင်စွမ်းမရှိပါက ဒုတိယအဆင့်အနေဖြင့် ၎င်းကို နှုတ်ဖြင့် တားမြစ်ပြောင်းလဲပေးလေကုန်။ ဆိုလိုသည်မှာ ၎င်းအား ''နောင်ကြီးသင်လုပ်နေသောအလုပ်ဟာ မကောင်းမှုဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီမကောင်းမှုလုပ်ရပ်ကိုလုပ်မဲ့အစား ကောင်းတဲ့လုပ်ရပ်၊ ကုသိုလ်ရမဲ့လုပ်ငန်းဘက်ကို အာရုံပြု လုပ်ဆောင်ပါလေ''ဟု ပြောဆိုလမ်းညွှန်ရမည်။

၎င်းနောက် အကယ်၍ နှုတ်ဖြင့်လည်း တားမြစ်နိုင်စွမ်းမရှိပါက မိမိစိတ်နှလုံးမှပင် ထိုမကောင်းမှုကို တားမြစ်ပြောင်းလဲပေးလေကုန်။ ဆိုလိုသည်မှာ မိမိစိတ်နှလုံးမှပင် ထိုလုပ်ရပ်ကို မကောင်းသော၊ ဆိုးသောလုပ်ရပ်တစ်ခုဖြစ်သည်ဟု မှတ်ယူလိုက်ပါလေ။'' ဤတတိယအဆိုနှင့် စပ်လျဉ်း၍ မိန့်သည်မှာ အဆိုပါတတိယအဆင့်ဖြင့် တားမြစ်ပြောင်းလဲပေးသူ၏အီမာန်သည် အနိမ့်ဆုံး၊ အားအနည်းဆုံးအဆင့် အီမာန်ရှင်ဖြစ်သည်။

## ပျက်စီးခြင်းမှလွတ်ကင်းရန်လမ်း (၄)သွယ်

အလ္လာဟ်အရှင်မြတ်သည် စူရဟ် ''အလ်အဆ်ရ်'' ၌ ဓမ္မဓိဋ္ဌာန်ကျသည့်ဥပဒေတစ်ခုကို မိန့်ကြားဖော်ပြထားသည်မှာ والعصر ان الانسان لفى خسر الخ

အလ္လာဟ်အရှင်မြတ်သည် ခေတ်ကာလကို သက်သေထူ၍ (၁) အီမာန် သက်ဝင်ယုံကြည်ခြင်း၊ (၂) ကောင်းမွန်သောလုပ်ရပ်ကိုလုပ်ခြင်း၊ (၃) အချင်းချင်း အမှန်စကားနှင့်စပ်လျဉ်း၍ ဆိုဆုံးမ လမ်းညွှန်ခြင်းနှင့် (၄) အချင်းချင်း သည်းခံစိတ်၊ ကြံ့ခိုင်စိတ်နှင့်စပ်လျဉ်း၍ ဆိုဆုံးမ လမ်းညွှန်ခြင်းဟူသည့်လေးရပ်ကိုလုပ်သူမှအပ ကျန်လူသားအားလုံး ပျက်စီးဆုံးရှုံးကြရမည်ဟု မိန့်ခြွေထားလေသည်။ ထို့ကြောင့် အဆိုပါလုပ်ငန်း (၄)ရပ်ကိုလုပ်ကိုင်ရန် အထူးအရေးကြီးလိုအပ်သည်။ ''အမှန်စကားနှင့်စပ်လျဉ်း၍'' ဟု ဆိုရာဝယ် ဖရပ်ဇ်တာဝန်များကိုဆောင်ရွက်ရန် တိုက်တွန်း မှာတမ်းမှုပြုခြင်းကို ဆိုလိုပြီး ''သည်းခံစိတ်၊ ကြံ့ခိုင်စိတ်နှင့်စပ်လျဉ်း၍'' ဟုဆိုရာဝယ် ဂိုနဟ်များကိုမလုပ်မိအောင် လုပ်ချင်စိတ်ကိုချုပ်တည်းရန် ဆိုဆုံးမသော စကားပြောဆိုခြင်းကိုခေါ်သည်။

ထို့ကြောင့် ပျက်စီးခြင်းမှလွတ်မြောက်ရန်အတွက် အလ္လာဟ်အရှင်မြတ်သည် အီမာန်နှင့် (အမလေ့ဆွာလေဟ့တ်) ကောင်းမှုကျင့်ကြံ ဆောက်တည်ခြင်းဖြင့် လုံလောက်သည်ဟု မိန့်ခြွေမထားရုံမက သူတစ်ပါးကိုလည်း (အမှန်တရား) (၎ါ) ကောင်းမှုကျင့်ရန်နှင့် (သည်းခံချုပ်တည်းစိတ်) (ဝါ) မကောင်းမှုများမှကြဉ်ရှောင်ရန် တိုင်းတွန်းဆော်ဩမှုပြုကြကုန်" ဟု မိန့်ခြွေထားလေသည်။ အဆိုပါတတိယနှင့် စတုတ္ထလုပ်ငန်းနှစ်ခုသည် ကိုယ်တိုင် ကောင်းမှုကျင့်စဉ်ပွားများရန် အရေးကြီး လိုအပ်သကဲ့သို့ အရေးကြီးလိုအပ်သည်။

## ပျက်စီးခဲ့ရသည့်သူတော်စင်တစ်ပါးအကြောင်း

ဟဒီးဆ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ သည် အတိတ်ခေတ်မှ မျိုးနွယ်စုတစ်စုအကြောင်းနှင့်စပ်လျဉ်း၍ မိန့်ကြားခဲ့သည်မှာ- ယင်းမျိုးနွယ်စုသည် အဖုံဖုံသောပြစ်မှုများကို ကျူးလွန်ကြရင်း ဒုစရိုက်လုပ်ငန်းတွင် နစ်မွန်းနေကြသည်။ အရှင်မြတ်ဘက်မှ ၎င်းမျိုးနွယ်စုအပေါ် ပြစ်ဒဏ်ခတ်တော်မူရန် ဆုံးဖြတ်တော်မူလိုက်ချေပြီ။

ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က ဖရိရှ်သတ်တို့အား "အပြစ်ဒုစရိုက်များကျူးလွန်ကာ မကောင်းမှုနွံထဲနစ်နေသူ

များထံ သွားရောက်ကာ ၎င်းတို့နေထိုင်သည့်ကျေးရွာကို အထက်အောက် မှောက်လှန်၍ ပြစ်ဒဏ်ခတ်လေကုန်' ဟု မိန့်ကြားလိုက်လေသည်။

ထိုအခါ ကောင်းကင်တမန်ကြီး ဂျိဗ်ရာအီးလ် ﷺ က ''အို..အလ္လာဟ်အရှင်မြတ်၊ အလ္လာဟ်အရှင်မြတ်က ခြွင်းချက်မထားဘဲ ကျေးရွာတစ်ခုလုံးကို မှောက်လှန်၍ ပြစ်ဒဏ်ခတ်ခိုင်းတော်မူသည်မှာ မှန်ပါသည်။ သို့သော် ထိုရွာထဲမှ ပုဂ္ဂိုလ်တစ်ဦးသည် ၎င်း၏ဘဝသက်တမ်းတစ်လျှောက်လုံး၌ တစ်စက္ကန့်မျှပင် အရှင့်အမိန့်ကို ဗီဆန်ခြင်းမရှိ၊ အရှင့်အမိန့်နာခံခြင်းဖြင့်သာ မွေ့လျော်နေကြောင်းကို ကျွန်တော်မျိုး သိထားပါသည်။ သို့ပါ၍ ယခု ထိုပုဂ္ဂိုလ်မွန်ကိုပါ ပြစ်ဒဏ်ခတ်ရာ၌ ပါဝင်စေပါရမည်လား'' ဟု လျှောက်ထားရာ အလ္လာဟ်အရှင်မြတ် က ''မှန်သည်၊ ၎င်းအနေဖြင့် တစ်စက္ကန့်မျှ အပြစ်ကျူးလွန်ခြင်းမရှိဘဲ ကောင်းမှုပွားများနေသော်လည်း ကျန်ရွာသူရွာသားများ မကောင်းမှုကျူးလွန်နေကြသည်ကို တွေ့မြင်နေပါလျက် မည်သည့်အခါကမျှ ခံစားမှုမဖြစ်ခဲ့၊ ထို့ပြင် မည်သည့်ပြစ်မှုကိုမျှ မကောင်းဟု မထင်ခဲ့ရုံမက ယင်းမကောင်းမှုများကို တားမြစ်ရန် ခြေတစ်လှမ်းမျှပင် မလှမ်းခဲ့ပေ။ ထို့ကြောင့် သင်ပြောသည့် ထိုပုဂ္ဂိုလ်ဆိုသူနှင့်တကွ ရွာသူရွာသားအားလုံးကို

ပြစ်ဒဏ်ခတ်၍ ဖျက်ဆီးလိုက်လေကုန်" ဟု မိန့်ကြားခဲ့လေသည်။

## ပြစ်မှုမကျူးလွန်သူလည်း ပြစ်ဒဏ်လာလျှင်ခံရမည်

အလ္လာဟ်အရှင်မြတ်သည် အဆိုပါအဖြစ်အပျက်သို့ ရည်ညွှန်း၍ ဗျာဒိတ်တော်တစ်ခု၌ ....

وَاتَّقُوا فِتْنَةً لَّا تُصِيبَنَّ الَّذِينَ
ظَلَمُوا مِنكُمْ خَاصَّةً

၎င်းပြင် အသင်တို့သည် အကြင်ပြစ်ဒဏ်မှ ရှောင်ကြဉ်ကြလေကုန်။ ထိုပြစ်ဒဏ်သည် အသင်တို့အနက်မှ မတရားကျူးလွန်သူတို့အပေါ်၌သာလျှင် သီးသန့်၍ အလျင်းသက်ရောက်လိမ့်မည်မဟုတ်ပေ။

*(ကုရ်အာန်-၈ း ၂၅)*

အမှန်စင်စစ် အပေါ်ယံကြည့်ပါက ၎င်းတို့အနေဖြင့် အပြစ်တစ်စုံတစ်ရာမကျူးလွန်ကြသော်လည်း အပြစ်ကျူးလွန်နေကြသူများအား တားမြစ်ရန် ခြေတစ်လှမ်းပင်မလှမ်းခဲ့။ နှုတ်လျှာပင်မဟခဲ့။ အပြစ်ကျူးလွန်နေကြသည်ကို တွေ့မြင်ခံနေပါလျက် စိတ်မကောင်းပင်မဖြစ်မိသည့်အတွက် ၎င်းတို့သည်လည်း ပြစ်ဒဏ်မှ လွတ်ကင်းမည်မဟုတ်ပေ။

သို့ဆိုရာ ကောင်းရာညွှန်ကြား မကောင်းရာမြစ်တား ရမည့်လုပ်ငန်းသည် အလွန်အရေးကြီးသည့်တာဝန်တစ်ရပ်ဖြစ်သည်။ သို့တိုင်အောင် ကျွန်ုပ်တို့မှာမူ ယင်းလုပ်ငန်းနှင့်ပတ်သက်၍ မေ့လျော့ကာ အိပ်ပျော်နေကြဆဲဖြစ်သည်။ အပြစ်ကျူးလွန်နေကြသည်ကို တွေ့မြင်နေပါလျှက် တားမြစ်ရန်မရည်ရွယ်၊ ဆိုဆုံးမခြင်းမရှိ၊ အပြစ်ကျူးလွန်သူအား အပြစ်မှ ကယ်တင်ဆွဲထုတ်ရန် အားမထုတ်ဘဲ မိမိကိုယ်မိမိ အလွတ်ရုန်းကာ ရှောင်ကွင်းထွက်သွားတတ်ကြသည်။

## မကောင်းမှုကိုတားမြစ်ရမည့်ပထမအဆင့်

ဤစာအုပ်၏အစ၌ ဖော်ပြခဲ့သော တမန်တော် ﷺ ၏ ဟဒီးဆ်တော်တွင် မကောင်းမှုကိုမြစ်တားရာတွင် အဆင့် (၃)ဆင့်ရှိကြောင်း မိန့်မြွက်ထားလေသည်။ ပထမအဆင့်အနေဖြင့် တစ်ဦးတစ်ယောက် မကောင်းမှုကျူးလွန်နေသည်ကို တွေ့မြင်ရသည့်အခါ သင့်အနေဖြင့် လက်ဖြင့်တားမြစ်ရမည်။ လက်ဖြင့် တားမြစ်နိုင်စွမ်းရှိပါလျှက် လက်ဖြင့်မတားမြစ်ခဲ့သော် သင်ကိုယ်တိုင် အပြစ်ကျူးလွန်သူပမာဖြစ်သည်။ ဥပမာ – ပုဂ္ဂိုလ်တစ်ဦးသည် အုပ်စုတစ်စု၏ခေါင်းဆောင်အကြီးအကဲလည်းဖြစ်ပြီး ယင်းအုပ်စုအတွင်း ၎င်း၏သြဇာသက်ရောက်မှုလည်း

ရှိသည်ဆိုပါစို့။ သို့ဖြစ်ရာ ထိုအုပ်စုမှ အချို့သူတို့သည် မကောင်းမှုကျူးလွန်ကြသည်ကို တွေ့မြင်ပြီး အဆိုပါပုဂ္ဂိုလ်က ''အကယ်၍ ငါ့ရဲ့အရှိန်အဝါနဲ့ ဒီလူတွေကိုတားလိုက်ရင် သူတို့လုပ်နေတဲ့ လုပ်ရပ်တွေ ရပ်သွားမယ်။ တစ်စုံတစ်ရာ ပြဿနာလည်း မတက်နိုင်ဘူး'' ဆိုတာ သိထားသည့်အခါမျိုး၌ ထိုပုဂ္ဂိုလ်အနေဖြင့် အဆိုပါအပြစ်ကျူးလွန်နေသူတို့ကို ၎င်း၏သြဇာအရှိန်အဝါနှင့် တားမြစ်ရန် ဖရပ်ဇ်တာဝန်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ''ငါ ဒီလူတွေကိုတားလိုက်ရင် ဘယ်သူကတော့ စိတ်ထိခိုက်သွားနိုင်တယ်။ ဘယ်သူကတော့ဖြင့် စိတ်ငြိုငြင်သွားနိုင်တယ်'' ဆိုသည့် အတွေးတစ်ခုတည်းဖြင့် တားမြစ်ခြင်းမပြုခြင်းမှာ မှန်ကန်မှုမရှိနိုင်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏အမိန့်ကို ချိုးဖောက်ကျူးလွန်ခြင်းနှင့်စာလျှင် စိတ်ထိခိုက်ခြင်း၊ ငြိုငြင်ခြင်းတို့ဆိုသည်မှာ ဘာမျှမဟုတ်ပေ။

## လက်သာဆရာဖိုင်ဇီ၏ အကြောင်းတစ်ရပ်

အက္ကဗရ်ဘုရင် အုပ်ချုပ်စဉ်ကာလ၌ ဖိုင်ဇီဆိုသော နာမည်ကျော်ကြားသည့် လက်သာဆရာတစ်ဦးရှိခဲ့သည်။ တစ်နေ့သ၌ ဖိုင်ဇီသည် ဆံသသမားတစ်ဦးဖြင့် မုတ်ဆိတ်ရိတ်ခိုင်းနေလေသည်။ ထိုအခိုက် ၎င်း၏အနီးမှ သူတော်စင်တစ်ပါး

ဖြတ်သွားရင်း ''မိတ်ဆွေကြီး... ခင်ဗျား မုတ်ဆိတ်ရိတ်ခိုင်းနေသလား'' ဟု မေးလိုက်သည်။ (ထိုသို့မေးရခြင်းအကြောင်းမှာ ဖိုင်ဇီသည် သာမာန်လက်ာဆရာသက်သက်မဟုတ်၊ ဘာသာရေးအသိပညာကိုလည်း ကျွမ်းကျင်တတ်မြောက်ထားသူဖြစ်သည်။ ၎င်းကိုယ်တိုင် ကျမ်းမြတ်ကုရ်အာန်၏ သဖ်စီးရ်ကို (နွက်သွဟ်) (အမြှစ်) မပါသောအက္ခရာများဖြင့် ရေးသားခဲ့သူဖြစ်သည်။ ထို့ကြောင့် သူတော်စင်ကြီး၏ဆိုလိုရင်းမှာ ''သင်ဟာ တမန်တော်မြတ် ﷺ ရဲ့ စွန္နသ်တော်များနှင့် ပတ်သက်ပြီး ဂဃနဏသိထားပါလျှက် ယခုလိုပြုမူနေရသလား'' ဆိုသည့် သဘောဖြစ်သည်။

ထိုအခါ ဖိုင်ဇီက ''မှန်ပါတယ်၊ ကျွန်ုပ်က မုတ်ဆိတ်ရိတ်နေတာပါ။ ဒါပေမယ့် တစ်ဦးတစ်ယောက်ရဲ့ စိတ်နှလုံးကိုထိခိုက်အောင် လုပ်နေတာမဟုတ်ပါဘူး''ဟု ပြန်လည်ဖြေလိုက်လေသည်။ (၎င်း၏ဆိုလိုရင်းမှာ မှန်ပါတယ်။ ကျွန်ုပ်ကတော့ အပြစ်တစ်ခုကျူးလွန်နေခြင်းသာဖြစ်တယ်။ သင်ကတော့ ကျွန်ုပ်ရဲ့စိတ်နှလုံးကို ထိခိုက်အောင်လုပ်လိုက်တာဖြစ်တယ်ဆိုသည့်သဘောဖြင့် ခနဲ့တဲ့တဲ့ပြောလိုက်ခြင်းဖြစ်သည်။)

ထိုအခါ သူတော်စင်ကြီးက ပြန်၍ ''တမန်တော်မြတ် ﷺ က မုတ်ဆိတ်မရိတ်ဖို့ တားထားပါလျှက် သင်က

ရိုက်နေတယ်ဆိုတော့ သင့်လုပ်ရပ်က သူတစ်ပါးရဲ့ စိတ်နှလုံးကို မထိခိုက်စေပေမယ့် တမန်တော်မြတ် ﷺ ရဲ့ စိတ်နှလုံးကိုတော့ ထိခိုက်ငြိုငြင်အောင်လုပ်လိုက်တာတော့အမှန်ပါပဲ'' ဟု ပြောလိုက်လေသည်။

## စိတ်ထိခိုက်မည်ကိုဂရုစိုက်စရာမလို

မျက်မှောက်ကာလတွင် လူတို့၏ပြောစကားတစ်ခုမှာ ''လူတွေကို စိတ်ထိခိုက်အောင်မလုပ်ရဘူး'' ဆိုသည့် စကားရပ်ပင်ဖြစ်သည်။ မှန်ပါသည်။ မကောင်းမှုကျူးလွန်သူတစ်ဦးအား မေတ္တာတရားဖြင့် အပြုသဘောဆောင်ကာ ချိုသာနူးညံ့ သိမ်မွေ့စွာနှင့် ''မိတ်ဆွေကြီးလုပ်နေတဲ့ မကောင်းမှုလုပ်ငန်းကို စွန့်လွှတ်လိုက်ပါ''ဟု ပြောသည်ကို လက်မခံဘဲ စိတ်ထိခိုက်သွားသည်ဆိုလျှင်မူ ဂရုစိုက်စရာမလိုပေ။ အဘယ်ကြောင့်ဆိုသော် ၎င်း၏စိတ်ထိခိုက်ငြိုငြင်မှုဆိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် ﷺ တို့၏ အမိန့်အောက်တွင် ဘာမျှမဟုတ်။ သို့သော် ပြောဆိုဆုံးမမည့်သူအနေဖြင့် သူတစ်ပါးအား သေးသိမ်မှုမဖြစ်စေရ၊ သိက္ခာကျသည့်သဘော မဆောင်ရ၊ စိတ်ထိခိုက်စေရန် မရည်ရွယ်ရ။ ထို့ပြင် အပြော

ခံရသူမှလည်း "ငါ့ကို လူပုံအလယ်မှာ သိက္ခာချလိုက်တာပဲ" ဟု မထင်မိစေရန် ဂရုဏာဝာရေးရှေ့ထားပြီး မိမိနှင့် နှစ်ကိုယ်တည်းရှိနေခိုက်တွင် ပြောဆိုဆုံးမရမည့်နည်းလမ်းကိုသာ ရွေးချယ်ရမည်သာဖြစ်သည်။ ယင်းသို့ ဆိုဆုံးမသွန်သင်ပါလျက် ၎င်းအနေဖြင့် စိတ်ထိခိုက်ငြိုငြင်သွားမည်ဆိုလျှင် မတတ်နိုင်။ ဂရုစိုက်စရာမလိုပေ။

## တာဝန်မကျေပွန်သူသည် အပြစ်ကျူးလွန်သူဖြစ်သည်

ထို့ကြောင့် မိမိစကားကိုလက်ခံကြသည့် မျိုးနွယ်တစ်စု (သို့) မိသားစုတစ်စု၏ အကြီးအကဲတစ်ဦးသည် မိမိ၏ လက်အောက်ငယ်သား (သို့) ကလေးတစ်ဦး (သို့) မိသားစုဝင်များ လမ်းမှားသို့လျှောက်နေသည် (သို့) မကောင်းမှုကျူးလွန်နေသည်ကို တွေ့မြင်သိရှိပါလျက် မတားမြစ်ပါက မိမိကိုယ်တိုင် အပြစ်ကျူးလွန်ရာရောက်သည်။

အဘယ်ကြောင့်ဆိုသော် ထိုအကြီးအကဲအနေဖြင့် ၎င်းတို့ကို လက်ဖြင့်တားမြစ်ပြောင်းလဲပေးရန်မှာ ဖရုဇ်တာဝန်ဖြစ်သည်။ ထိုနည်းငှ်း ဆရာသမားက မိမိတပည့်အား (သို့) offieer တစ်ဦးက မိမိလက်အောက်ငယ်သားအား မကောင်းမှုကျူးလွန်နေသည်ကို တားမြစ်နိုင်စွမ်းရှိပါလျက် မတားမြစ်ခဲ့

ပါက တာဝန်မကျေပွန်မှုကြောင့် အပြစ်ကျူးလွန်ရာရောက် သည်။

## ပြဿနာဖြစ်မည်ကိုစိုးရိမ်ရလျှင် နှုတ်ဖြင့်သာတားပါ

အချို့သောအချိန်အခါတွင် ''အကယ်၍ ဒီအချိန်မှာ ကျွန်ုပ်အနေနဲ့ သူ့ကိုတားလိုက်မယ်ဆိုရင် ပြဿနာပိုကြီးထွား သွားနိုင်တယ်။ (သို့) အမုန်းပွား ရန်လိုမှုဖြစ်လာနိုင်တယ်။ အဲ့ဒီလိုအမုန်းပွားရန်လိုမှုကြောင့် ဖြစ်ပေါ်လာမယ့်ရလဒ်က လက်ရှိကျူးလွန်နေတဲ့ပြစ်မှုထက် ပိုဆိုးနိုင်တယ်'' ဟူသည့် စိုးရိမ်စရာရှိနေတတ်ပါသည်။ ထိုအခါမျိုးတွင် လက်ဖြင့်မတားဘဲ နှုတ်ဖြင့်သာ တားမြစ် ဆိုဆုံးမခြင်း လုံလောက်သည်။

အချုပ်ဆိုရလျှင် ဟကီးမွလ်အွမ္မသ် ဟဇ်ရသ် မော်လာနာ အရှ်ရဖ်အလီ ထာနဝီ (رحمة الله عليه) သခင် မိန့်ဆိုသည်မှာ အထက်ပါဟဒီးဆ်တော်၌ ''မကောင်းမှုကျူးလွန်နေသူတစ်ဦးအား လက်ဖြင့်တားမြစ်နိုင်စွမ်းမရှိပါက နှုတ်ဖြင့်တားမြစ်လေကုန်''ဟု လာရှိထားသည်။ 'လက်ဖြင့်တားမြစ်နိုင်စွမ်းမရှိပါက'ဆိုသည့်စကားရပ်တွင် အောက်ပါအချက်မျိုးလည်း ပါဝင်သည်။ ဥပမာ – ရုပ်ရှင်ရုံတစ်ရုံ၏ရှေ့တွင် ညစ်ညမ်းသည့် ပုံလွှာများ ကပ်ထားသည်ဆိုပါစို့။ ဤသည်တို့ကို လက်ဖြင့်

ဖယ်ရှားရန် လူ လေး၊ ငါးဦးကို စည်းရုံးခေါ်ဆောင်သွားမည် ဆိုလျှင် ဖြစ်နိုင်သည်။ သို့သော် ထိုသို့ မဆင်မခြင်လုပ်ဆောင်ခြင်းဖြင့် မိမိကိုယ်တိုင် ပြဿနာတွင်နစ်မွန်းပြီး အဖမ်းခံရရုံမက တစ်ပါးသူကိုလည်း ပြဿနာတွင်နစ်မွန်းစေပြီး အဖမ်းခံရစေနိုင်သည်။ ထိုသို့ဖြစ်ပေါ်လာပါက သည်းမခံနိုင်လောက်သော ဒုက္ခများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ထို့ကြောင့် ယင်းသို့ပြုမှုလုပ်ဆောင်ခြင်းကို 'လက်ဖြင့်မစွမ်းဆောင်နိုင်မှု' ဟုသာ သိရှိနားလည်ထားရမည်။ ထို့ကြောင့် ထိုသို့သောအခါမျိုးတွင် 'ယင်းလုပ်ရပ်မျိုးကို လက်ဖြင့်မပြုမူဘဲ နှုတ်ဖြင့်ဆိုဆုံးမလျှင် လုံလောက်သည်' ဟု မှတ်ယူရမည်။

## အကြီးအကဲခေါင်းဆောင်များ မကောင်းမှုများကိုတားမြစ်ပါ

ယနေ့ ကျွန်ုပ်တို့တွင် ဖြစ်ပေါ်ပြန့်ပွားနေရသည့် ပြဿနာများ၏အခြေခံမှာ ဖြူ နက် မခွဲခြားဘဲ စိမ်အုပ်ချုပ်နေသည့် ဘာသာရေးအကြီးအကဲခေါင်းဆောင်များက မိမိတို့၏ လက်အောက်ငယ်သားများ မကောင်းမှု၌မွေ့လျော်နေသည်ကို တွေ့မြင်သိရှိနေပါလျှက် ယင်းတို့ကို တားမြစ်ရမည့်အစား မိမိတို့ကိုယ်တိုင် ထိုမကောင်းမှု၌ ပါဝင်ပတ်သက် လုပ်ဆောင်

နေကြခြင်းကြောင့်ဖြစ်သည်။ ဥပမာ–မင်္ဂလာဆောင်အခမ်းအနားများ ကျင်းပနေကြသည်။ ထိုအခမ်းအနားများတွင် ကျူးလွန်နေကြသည့် ပြစ်မှုတစ်ချို့မှာ သေးငယ်သော်လည်း အချို့ပြစ်မှုများမှာ အလယ်အလတ်တန်းစားဖြစ်ပြီး အချို့သောပြစ်မှုများမှာ အလွန်ကြီးလေးသည့်ပြစ်မှုမျိုးဖြစ်သည်ကို တွေ့ရလေသည်။ ပမာပြရလျှင် ယနေ့မင်္ဂလာဆောင်အခမ်းအနားများတွင် အမျိုးသားနှင့် အမျိုးသမီးများ အတူရောနှောသွားလာနေထိုင်ကြသည်မှာ အများအသိပင်ဖြစ်သည်။ ထိုသို့ အတင့်ရဲကာ ရောနှောသွားလာကြရသည့်အကြောင်းရင်းကို ကြည့်မည်ဆိုလျှင် ၎င်းတို့၏ အကြီးအကဲခေါင်းဆောင်ဆိုသူများက ယင်းသို့ပြုမူနေကြသည့်လုပ်ငန်းကို လက်ဖြင့်လည်းမတား၊ နှုတ်ဖြင့်လည်း မတားမြစ်ရုံမက ၎င်းတို့ကိုယ်တိုင် ပါဝင်တက်ရောက်ကြခြင်းကြောင့်ဖြစ်သည်။ ထိုမျှမက 'မင်္ဂလာဆောင်က ဘယ်သူဘယ်ဝါရဲ့တူဖြစ်နေတော့ မသွားလို့မဖြစ်ဘူးလေ' ဟု ပြောတတ်ကြသေးသည်။ ကောင်းပြီ၊ သို့ဆိုလျှင် ၎င်းတို့ဘက်မှ သင့်ကို လာရောက်စေလို ကြလျှင် သင့်အနေနှင့်လည်း 'ကဲ–ကောင်းပါပြီ ခင်ဗျားတို့ရဲ့အခမ်းအနားမှာ ကျွန်ုပ်ကို ပါဝင်စေလိုတယ်ဆိုရင် ခင်ဗျားတို့ဘက်ကလည်း တရားတော်နှင့်အညီ ကျင်းပဆောင်ရွက်ဖို့လိုတယ်။ အကယ်၍ ခင်ဗျားတို့ဘက်က

တရားတော်နှင့်အညီ မဆောင်ရွက်နိုင်ဘူးဆိုရင်တော့ ကျွန်ုပ်လည်း လာရောက်နိုင်မှာမဟုတ်ပါဘူး။ အဲဒီလိုမလာရောက်နိုင်တာကိုတော့ စိတ်မဆိုးဖို့လိုတယ်' ဆိုသည့် အခွင့်အရေးကို တောင်းဆိုသင့်သည်။

ယနေ့ အာကယ်၍ တာဝန်ရှိသူများအနေဖြင့် ထိုသို့သောမကောင်းမှုလုပ်ငန်းများကို တားမြစ်မှုမပြုပါက နက်ဖြန်ကိယာမယ်နေ့တွင် 'သင့်အနေနဲ့ ထိုလုပ်ငန်းကို တားမြစ်နိုင်ပါလျက် မတားမြစ်ဘဲ သင်ကိုယ်တိုင်ပါဝင်တက်ရောက်ခဲ့လေသလော' ဟူသည့် စွဲချက်ဖြင့် အလ္လာဟ်အရှင်မြတ်၏အရေးယူမှုကို ခံရမည်ဖြစ်သည်။

## မင်္ဂလာဆောင် (သို့မဟုတ်) သီဆိုကခုန်ခြင်းအခမ်းအနား

ယနေ့လူတို့သည် နည်းမျိုးစုံသောမကောင်းမှုများကို မျက်ကွယ်ပြုလျက်ရှိကြသည်။ အတိတ်ကာလ မင်္ဂလာဆောင်အခမ်းအနားများတွင် ယခုလောက် မကောင်းမှုများမရှိ မဖြစ်ပေါ်ခဲ့ပေ။ သို့သော် တစ်စတစ်စဖြင့် မကောင်းမှုများ တစ်ခုပြီးတစ်ခု ဆင့်ကဲတိုးပွားဖြစ်ပေါ်လျက်ရှိနေသည်ကို အလ္လာဟ်အရှင်မြတ်၏ မည်သည့်ကျေးကျွန်တစ်ဦးကမျှ နေရာယူ ဟန့်တားခြင်းမပြုခဲ့သည့်အတွက် ရလဒ်မှာ မကောင်းမှုများကို တိုးပွားလုပ်ဆောင်နေကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့သိထားသင့်သည်မှာ အကယ်၍ ယနေ့တိုင် ကျွန်တော်တို့ နေရာယူ ဟန့်တားခြင်းမပြုပါက (တားမြစ်ရန် မကြိုးစားပါက) နောင်အနာဂါတ်တွင် ယခုထက်ပိုမိုဆိုးရွားပြီး ရင်လေးဖွယ်ရာများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

မင်္ဂလာဆောင်အခမ်းအနားများတွင် အမျိုးသားနှင့် အမျိုးသမီးများ အတူရောနှော သွားလာနေကြသည်မှ တစ်ဆင့်တိုးပြီး ထိုအခမ်းအနားများတွင် လူငယ်လူရွယ် ယောကျ်ားလေးနှင့် မိန်းကလေးများ၏ သီဆိုကခုန်ခြင်းလုပ်ရပ်များပါ စတင်လုပ်ဆောင်နေကြကြောင်း ကြားသိနေရသည်။ ကျွန်ုပ်တို့ အနေဖြင့် ယခုတိုင် ထိုစကားများကို လျစ်လျူရှုနေကြမည်။ ထို့ပြင် မိမိ၏ဇနီးနှင့် သမီးများ သီဆိုကခုန်မြူးထူးနေကြသည်ကို အားရကျေနပ်စွာဖြင့် ပါဝင်ကြည့်ရှု နားဆင်နေပြီး ထိုလုပ်ရပ် အပေါ် မည်သည့်အချိန်ကာလအထိ ဥပေက္ခာပြုထားဦးမည် နည်း။

ထိုလုပ်ရပ်များကို မည်သည့်အချိန်တွင် မကောင်းသောလုပ်ရပ်ဟူ၍ ဂရုစိုက်မည်နည်း။ ဤမှန်တိုင်းရပ်စဲမည့် အချိန်တစ်ချိန်တော့ ရှိသင့်သည်။

အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်တစ်ဦးဦး မတ်တတ် ရပ်၍ ''ကျွန်ုပ် သင်တို့ရဲ့ အဲဒီလိုပွဲတွေမှာ မပါဝင်ပါရစေနဲ့။

အကယ်၍ ကျွန်ုပ်ကို သင်တို့ရဲ့ပွဲတွေမှာ ပါဝင်စေလိုတယ်ဆိုရင် သင်တို့ရဲ့ တရားတော်နဲ့ဆန့်ကျင်တဲ့လုပ်ရပ်တွေကို ရပ်လိုက်ပါ'' ဟု မပြောသရွေ့ ထိုမုန်တိုင်းမှာ ရပ်စဲမည်မဟုတ်ချေ။

အကယ်၍သာ တာဝန်ရှိသည့် အကြီးအကဲ လေးငါးဦး စုပေါင်းကာ ''ကျွန်ုပ်တို့ သင်တို့ရဲ့ အခုလိုတရားတော်နှင့် ဆန့်ကျင်တဲ့အခမ်းအနားတွေကို မတတ်ရောက်နိုင်ဘူး'' ဟု တုန့်ပြန် ပြောဆိုလိုက်မည်ဆိုပါက ထိုအခါ ၎င်းတို့အနေဖြင့်လည်း ထိုမကောင်းမှုများကို စွန့်လွှတ်နိုင်စရာရှိသည် (သို့) အဆိုပါ တာဝန်ရှိသူ အကြီးအကဲများကို အဆက်ဖြတ်ရုံသာရှိမည်။

တစ်ခါတစ်ရံ လူတို့သည် မိမိတို့၏ပုဂ္ဂိုလ်ရေးကြောင့် အဆိုပါအခမ်းအနားမျိုးသို့ မတက်ရောက်သည်လည်း ရှိတတ်သည်။ ဥပမာ - ''ကျွန်ုပ်ကို ဘယ်သူက ဘယ်အခမ်းအနားတုန်းက ပြေပြေလည်လည်မဆက်ဆံခဲ့ဘူး၊ ဒါကြောင့် သူ ကိုယ်တိုင်လာပြီး မတောင်းပန်သရွေ့ ကျွန်ုပ် သူ့ရဲ့အခမ်းအနားကို တက်မှာမဟုတ်ဘူး''ဟု ဆိုကြသည်။

ယနေ့ မင်္ဂလာဆောင်အခမ်းအနားများတွင် ထိုသို့သော ပုဂ္ဂိုလ်ရေးပဋိပက္ခများစွာ ရှေ့တန်းတင်လာကြသည်ကို တွေ့မြင် ကြားသိနေရသည်။ အဆိုပါပုဂ္ဂိုလ်ရေးကို ရှေ့တန်း

တင် ပြောဆိုတတ်ကြသကဲ့သို့ အာကယ်၍ အလှာပ်အရှင်မြတ်၏ ကျေးကျွန်ပီသသူတစ်ဦးဦးက "သင်တို့ရဲ့အခမ်းအနားမှာ သိဆိုကခုန်မှုရှိမယ်ဆိုရင် ကျွန်ုပ် လာရောက်နိုင်မှာမဟုတ်ဘူး" ဟု ပြောကြားခဲ့ပါသော် အင်နိရှာအလှာပ် အဆိုပါမကောင်းမှုများ ရပ်တန့်သွားနိုင်စရာအကြောင်းရှိသည်။

## နဗူးထုံ၍ငိုရလိမ့်မည်

တစ်ခါတစ်ရံ အချို့သူများသည် လူမှုရေးကိစ္စများတွင် တရားမျှတမှုမဲ့စွာ (သို့) ပုံကြီးချဲ့ကာ ဆက်ဆံတတ်ကြသည်။ ဤသည် အလွန်ဆိုးရွားသည့် ဆက်ဆံမှုဖြစ်သည်။ လူတို့နှင့်ပေါင်းသင်းဆက်ဆံရာ၌ မည်သည့်နေရာတွင် မည်သို့အခွင့်အရေးယူရမည်၊ မည်သည့်နေရာ၌ မယူသင့်။ ထို့ပြင် မည်သည့်နေရာမျိုးတွင် မာန်ပါပါပြောဆိုရမည်၊ မည်သည့်နေရာတွင် နူးညံ့စွာပြောဆိုရမည်ဆိုသည်ကို ဝေခွဲမတတ်ဖြစ်နေကြသည်။

လူမှုဆက်ဆံရေးဆိုသည်မှာ "နှစ် နှစ်လီ လေး" ဖြစ်သကဲ့သို့ ပုံသေတွက်၍မရရုံမက ယင်းကို နားလည်သဘောပေါက်ရန် နည်းပေးလမ်းပြမည့်ပုဂ္ဂိုလ်တစ်ဦး လိုအပ်

သည်။ ထိုပုဂ္ဂိုလ်မှ သင့်ကို မည်သည့်အခြေအနေတွင် မည်သို့ နေထိုင် ပြောဆိုရမည်။ မည်သည့်နေရာတွင် မာန်ဖြင့်နေထိုင် ရမည်။ မည်သည့်နေရာတွင် နှိမ့်ချ၍ သိမ်မွေ့စွာနေထိုင်ရမည် ဆိုသည်ကို နည်းပေးလမ်းညွှန်မှုပြုမည်ဖြစ်သည်။

ထို့ကြောင့် တစ်ခါတစ်ရံတွင် လူတို့သည် မပြောဆို သင့်သည့်စကားများကို ပြောဆိုမိသည့်အတွက်ကြောင့် အကျိုး မဖြစ်ထွန်းဘဲ အကျိုးယုတ်မှုနှင့် ကြုံတွေ့ရလေသည်။ ဤသည့် အတွက်ကြောင့် လမ်းညွှန်မှုပြုသူတစ်ဦး၏ လမ်းညွှန်သည့် အတိုင်း နေထိုင်ပြောဆိုသင့်သည်။

သို့သော် ယနေ့ အမျိုးသားနှင့် အမျိုးသမီးများ အတူ ရောနှောနေထိုင်သည့်အခမ်းအနားများကို လူတိုင်းလိုလို ပါဝင် ဟန့်တားမှုပြုသင့်သည်။

သိထားသင့်သည်မှာ အကယ်၍ ယနေ့ ကျွန်ုပ်တို့ အနေဖြင့် ဟန့်တားမှုမပြုခဲ့ပါက နက်ဖြန် နဖူးထုကာ (နောင်တ ကြီးစွာဖြင့် ဝမ်းနည်းပူဆွေး) ၍ ငိုပွဲဆင်ရလိမ့်မည်။ ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်မှ ရေကျသည့်အခါ (ဝါ) ကျွန်ုပ်ကွယ်လွန်ပြီး ရေချိုးပေးခြင်းခံရသောအခါမှသာ ''ပြောခဲ့သူတစ်ဦးရဲ့ ပြော ခဲ့တဲ့စကားဟာ အမှန်ပါပဲလား'' ဆိုသည်ကို သိရလိမ့်မည်ဖြစ် သည်။

ယနေ့ အဆိုပါ ''ဗိသ်နပတ်'' ရောဂါဆိုးများကို တိုက်ဖျက်ရန် အချိန်မနှောင်းသေးပါ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုရရန်အတွက် မိမိကိုယ်ကို သနား၍ ''ဗိသ်နပတ်'' မိးများကို ငြိမ်းသတ်ရန် ကြိုးစားကြပါစို့။

ကျွန်ုပ်တို့ တစ်နေ့ အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်၌ အဖြေပေးရမည်။ တစ်နေ့ ကဗရ်တွင်းထဲသို့ရောက်ရမည်ကို ဆင်ခြင်ကာ ယနေ့ ကျွန်ုပ်တို့၏ ပြုမူနေကြမှုများအပေါ် ပြန်လည်သုံးသပ်သင့်သည်။

''ဘယ်သူတွေ ဘယ်လမ်းလျှောက်လျှောက် လျှောက်ပါစေ၊ ငါနဲ့မဆိုင်''ဟုဆိုကာ ထိုသူတို့၏ မှားယွင်းချွတ်ချော်နေမှုများကို ပြုပြင်ပေးရန် စိတ်မကူးခြင်း၊ မစဉ်းစားခြင်း၊ ဥပေက္ခာပြုထားခြင်းတို့မှာ အလွန်ကြောက်မက်စိုးရိမ်ဖွယ်ဖြစ်သည်။

ယင်းသို့ မကောင်းမှုများဘက်မှ ကောင်းမှုများဘက်သို့ ဗိတ်ခေါ်ပြောင်းလဲပေးရန် အရေးကြီးသည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့တတွေအား ထိုသို့ ဗိတ်ခေါ် ပြောင်းလဲပေးနိုင်စွမ်း ချီးမြှင့်တော်မူပါစေသား။ (အာမီးန်)

## မကောင်းမှုကိုတားမြစ်ရမည့်ဒုတိယအဆင့်

ဤဟဒီးဆ်တော်တွင် တမန်တော်မြတ် ﷺ မှ မကောင်းမှုကို တားမြစ်ရမည့် ဒုတိယအဆင့်ကို ပြဆို မိန့်ကြားခဲ့သည်မှာ အကယ်၍ သင့်အနေဖြင့် လက်ဖြင့်တားမြစ်နိုင်စွမ်းမရှိပါက နှုတ်ဖြင့်တားမြစ်လေကုန်။ နှုတ်ဖြင့်တားမြစ်ရမည်ဟုဆိုရာတွင် မကောင်းမှုပြုနေသူတစ်ဦးအား မိမိနောင်တော်တစ်ဦးသဖွယ် မှတ်ယူကာ "နောင်ကြီး၊ နောင်ကြီးလုပ်တဲ့အလုပ်က မှားနေပါတယ်။ အဲဒီအလုပ်ကို မလုပ်ပါနဲ့" ဟု ချိုသာနူးညံ့စွာ ပြောဆိုရမည်။

ထိုသို့ပြောဆိုရာတွင် အမှန်စကား (သို့) အမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်း (ဒအ်ဝသ် (သို့) သဗ်လီးဂ်) ဆိုသည်မှာ လူတစ်ဦးကို နာကျင်အောင် ပစ်ပေါက် ရိုက်နက်ရသည့် "ကျောက်ခဲနှင့် တုတ် (ဒုတ်)" မဟုတ် ဆိုသည်ကို အစဉ်သတိပြု ဆင်ခြင်သင့်သည်။ သို့သာမက ယင်းသို့ အမှန်တရားဘက်သို့ လမ်းညွှန်ဖိတ်ခေါ်ခြင်းလုပ်ငန်းသည် အကောင်းမြင်ဝါဒဖြင့် အပြုသဘောဆောင်ပြီး မေတ္တာတရားကိုအခြေခံကာ ပြုလုပ်ရသည့်လုပ်ငန်းဖြစ်သည်။ ဤသည်နှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်က ပွင့်ပွင့်လင်းလင်းမိန့်ကြားထားသည်မှာ

اُدْعُ اِلٰى سَبِيْلِ رَبِّكَ بِالْحِكْمَةِ وَالْمَوْعِظَةِ الْحَسَنَةِ

(အို-နဗီတမန်တော်)၊ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်၏လမ်းတော်သို့ (လူတို့အား) ဉာဏ်ပညာနှင့်လည်းကောင်း၊ ကောင်းမြတ်သောဆုံးမသြဝါဒနှင့်လည်းကောင်း ဖိတ်ခေါ်ပါလေ။ *(ကုရ်အာန်-၁၆း၁၂၅)*

## တမန်တော်မူစာ ﷺ အား နူးညံ့စွာပြောဆိုရန် လမ်းညွှန်ခြင်း

ကျွန်ုပ်၏ဖခင် ဟာဇီရာဂ် မုဖ်သီ ရှဖီးဆဖ် ﷺ အနေဖြင့် အစဉ်မှာကြားလေ့ရှိသည့် စကားတစ်ခွန်းမှာ အလ္လာဟ် အရှင်မြတ်မှ တမန်တော်မူစာ ﷺ အား ဖိရ်အောင်နှ်ထံသို့ စေလွှတ်စဉ်က တမန်တော်မူစာ ﷺ နှင့် တမန်တော် ဟာရူးန် ﷺ တို့ကို မိန့်ကြားခဲ့သည်မှာ -

فَقُوْلَا لَهٗ قَوْلًا لَّيِّنًا

"ထို့နောက် အသင်တို့နှစ်ဦးသည် ၎င်းအား နူးညံ့သိမ်မွေ့သော စကားကို ပြောဆိုကြလေကုန်။" *(ကုရ်အာန်-၂၀း၄၄)*

ထိုမှာကြားချက်မှာ ဖိရ်အောင်န်နှင့်ပတ်သက်၍ မှာကြားခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ဖိရ်အောင်န်ဆိုသော ဆိုးသွမ်းမိုက်မဲသူသည် လမ်းမှန်ပေါ် လျှောက်မည့်သူမဟုတ်၊ ၎င်းသည် ဇွတ်တရွတ်နိုင်သူတစ်ဦး ဖြစ်သည်။ ၎င်းသည် ၎င်း၏နောက်ဆုံးအချိန်အထိ အီမာန် လက်ခံမည့်သူမဟုတ်ကြောင်းကို အကြွင်းမဲ့သိထားတော်မူလေသည်။

သို့တိုင်အောင် ၎င်းနှင့် ချိုသာနူးညံ့စွာဆက်ဆံရန် မိန့်ကြားခဲ့သည်။ ဆက်လက်၍ ကျွန်ုပ်၏ဖခင်က မှာကြားသည်မှာ "ယနေ့ သင်တို့တစ်တွေ တမန်တော်မူစာ ﷺ ထက်ပို၍ မြင့်မြတ်သူ (ပြုပြင်မည့်သူ) များမဟုတ်သကဲ့သို့ ၎င်းနောက် သင်တို့နှင့်ဆန့်ကျင်ဘက်များမှာလည်း ဖိရ်အောင်န်ထက်ပို၍ လမ်းမှားနေသူများမဟုတ်ကြပေ။ အဆိုပါတမန်တော်ကိုပင် နူးညံ့စွာဆက်ဆံရမည်ဟု မိန့်ကြားခဲ့သည်ဆိုလျှင် ကျွန်ုပ်တို့ အနေဖြင့် ချိုသာနူးညံ့စွာ ပြောဆိုဆုံးမရန်မှာ ပို၍ပင်တာဝန်ရှိသည်။ (လိုက်နာသင့်သည်) မကောင်းမှုကျူးလွန်သူတစ်ဦးဦးကို တွေ့မြင်ပြီး အသင်တို့၏နှုတ်လျှာကို ဓားသွားကဲ့သို့မပြုသင့်ပေ။

## နှုတ်လျှာဖြင့်တားမြစ်ရာ၌ လိုက်နာရမည့်စည်းကမ်းချက်များ

ထို့မှုမက နှုတ်လျှာဖြင့်တားမြစ်ရာတွင်လည်း လိုက်နာအပ်သည့်စည်းကမ်းချက်အချို့ရှိသည်။ ယင်းတို့မှာ သူတစ်ပါးကို လူပုံအလယ်၌ အရှက်ရစေမည့်၊ သိက္ခာကျစေမည့် အပြစ်မျိုးဖြစ်အောင် ဆိုဆုံးမခြင်းမပြုရ။ ထို့ပြင် ၎င်းသူမှ 'မိမိကို သိက္ခာချနေသည်' ဟူသော အထင်ရောက်စေမည့် လေသံမျိုးဖြင့် မပြောဆိုရ။ သို့သာမက ၎င်း၏အကျိုးကို လိုလားသူတစ်ဦး အနေဖြင့် မေတ္တာတရားရှေ့ထားပြီး နှစ်ကိုယ်ချင်း ပြောဆိုလမ်းညွှန်မှုပြုရမည်။

အချို့သူများက ''ဒီနေ့ လူတွေကို (ထောက်ထားလျှင်နှောင့်ယှက်၊ မြှောက်စားလျှင် ရောင့်တက်) ဆိုရိုးစကားကဲ့သို့ ချိုသာနူးညံ့စွာပြောလို့ နားမထောင် (ဂရုမစိုက်) ကြတော့ပါဘူး'' ဟူ၍ စောဒကတက်တတ်ကြသည်။

သို့ဆိုမူ ''ကောင်းပြီ၊ အကယ်၍ မိတ်ဆွေကြီးရဲ့စကားကို ထိုသူ နားမထောင်ခဲ့ပါသော် မိတ်ဆွေကြီးက ထိုသူ့အတွက် တာဝန်ခံထားသူလား'' ဟူ၍ မေးစရာရှိလာသည်။ အလ္လာဟ်အရှင်မြတ်ကလည်း သင့်စကားကြောင့် တစ်ဖက်သားမှာ လုံးဝ တရားရသွားစေရမည်ဟူ၍ တာဝန်ပေး မိန့်ကြားထားခြင်းမရှိပေ။

# ( ၃၁ )

ကျွန်ုပ်တို့၏တာဝန်မှာ စေတနာမှန်ကန်စွာဖြင့် အမှန်စကားကို နည်းမှန်လမ်းမှန်ဖြင့် ပြောဆိုရန်ပင်ဖြစ်သည်။ သို့သော် ပြောဆိုလမ်းညွှန်နေစဉ် ၎င်းသူ အမှန်တရားလမ်းကြောင်းပေါ် ရောက်လာစေရန်ဟူသော နိယသ် ရည်ရွယ်မှုပြုရမည်။

ဥပမာ – တစ်ဦးတစ်ယောက် နေမကောင်း (ရောဂါ) ဖြစ်နေသည်ဆိုပါစို့။ ဆရာဝန်က ရောဂါသည်ကို ကြည့်ပြီး 'သင်ဘာဖြစ်လို့ ရောဂါဖြစ်ရတာလဲ' ဆိုပြီး စိတ်ဆိုး ဒေါသမဖြစ်တတ်ကြပေ။ သို့သာမက အဆိုပါရောဂါသည်နှင့် ချိုသာစွာ ဆက်ဆံပြီး ဆေးဝါးကုသပေးကြသည်။ ရောဂါသည်အပေါ် သနားညှာတာမှုပြုကြသည်။

ထိုနည်း၎င်းပင် တစ်ဦးတစ်ယောက်သည် မကောင်းမှုကို ကျူးလွန်နေသည်ဆိုလျှင် ဤသည်လည်း ရောဂါသည် တစ်မျိုးဖြစ်သည်။ ၎င်းကို သနားသက်ညှာသင့်သည်။ ၎င်း၏ လုပ်ရပ်အပေါ် ဒေါသမဖြစ်ရ။ ထို့ပြင် ၎င်းကို ကြင်နာစွာဖြင့် နားဝင်အောင်ပြောဆိုရန် ကြိုးစားရမည်။

( ၃၂ )

# လူငယ်တစ်ဦး၏အဖြစ်အပျက်

လူငယ်တစ်ဦးသည် တမန်တော်မြတ် ﷺ ထံသို့ ခစားပြီး လျှောက်ထားသည်မှာ "အို..ကိုယ်တော်မြတ် ﷺ၊ ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းသိမ်းနိုင်စွမ်းမရှိတော့တဲ့ အတွက်ကြောင့် ကျွန်တော့်ကို ဇိနဟ်ပြုခွင့်ပေးတော်မူပါ"

စဉ်းစားသင့်သည့်အချက်မှာ ဘာသာတရားအားလုံးမှ တညီတညွတ်တည်း မပြုပိုင်သောလုပ်ရပ်တစ်ခုဟု ပြဋ္ဌာန်းထားသည့်အမှုဖြစ်သည်။ ယခုမူ ၎င်းအမှုကိုပြုကျင့်ရန် တမန်တော်မြတ် ﷺ ထံ ခွင့်ပန်လျှောက်ရှိသည်။ ယနေ့ အကယ်၍ တပည့်တစ်ဦးဦးက မိမိ၏ဆရာသမားထံ ထိုသို့ခွင့်ပန်မည်ဆိုလျှင် ထိုဆရာသမား၏ဒေါသမှာ ငြိမ်းနိုင်ဖွယ်ရှိမည်မဟုတ်ပေ။

သို့သော် တမန်တော်မြတ် ﷺ သည် အဆိုပါလူငယ်၏ ခွင့်ပန်မှုကို ကြားတော်မူပြီး မြူမှုန်ခန့်မျှပင် အမျက်မထွက်ခဲ့ရုံမက စိတ်တော်ပင် မငြိုငြင်ခဲ့ပေ။ တမန်တော်မြတ် ﷺ သည် "ဤလူငယ်တွင် ရောဂါဖြစ်နေပြီ"ဆိုသည်ကို သိတော်မူလိုက်သည်။ ဤသည် စိတ်ဆိုး ဒေါသထွက်စရာမဟုတ်ပေ။ သို့သာမက သနားထိုက်သူဖြစ်သည်။ အချုပ်ဆိုသော် တမန်တော်မြတ် ﷺ သည် ထိုလူငယ်ကို မိမိအပါးသို့ခေါ်တော်မူပြီး ၎င်း၏

ပုခုံးကိုကိုင်ကာ ''ညီလေး၊ သင်က ကျွန်ုပ်ထံက ခွင့်ပြုချက် တစ်ခုကိုတောင်းခံတယ်၊ ကျွန်ုပ်ကလည်း သင့်ကို မေးခွန်း တစ်ခုမေးပါရစေ''ဟု မိန့်ဆိုလိုက်ရာ လူငယ်လေးက ''ဘယ်လိုမေးခွန်းပါလဲ'' ဟူ၍ ပြန်လည်မေးတော်မူလေသည်။ တမန်တော်မြတ် ﷺ က ''ကဲ ကောင်းပြီ၊ အခြားသူတစ်ဦးဦးက သင့်အစ်မ (သို့) မိခင်နှင့် ထိုအမှုမျိုးပြုကျင့်ပါက သင် လက်ခံနိုင်ပါမည်လား'' ဟု မေးတော်မူလိုက်ရာ လူငယ်က ''အလျှင်း လက်မခံနိုင်ပါ'' ဟု ဖြေကြားလိုက်လေသည်။

ထိုအခါ တမန်တော်မြတ် ﷺ က ''သို့ဆိုလျှင် သင် ပြုကျင့်မည့်အမျိုးသမီးမှာလည်း တစ်ဦးတစ်ယောက်၏အစ်မ နှမသော်လည်းကောင်း၊ သမီး (သို့) မိခင်သော်လည်းကောင်း ဖြစ်မည်၊ ထိုအခါ ၎င်းသူကလည်း မိမိ၏အစ်မ၊ နှမ (သို့) သမီး (သို့) မိခင်နှင့် ယင်းသို့ပြုကျင့်သည်ကို လက်ခံကြပါမည်လား'' ဟူ၍ မိန့်ကြား ဆုံးမတော်မူလိုက်လေသည်။

လူငယ်သည် တမန်တော်မြတ် ﷺ ၏ အဆိုပါ မိန့်ကြား ဆုံးမမှုကို ကြားပြီးနောက် ''အို..ကိုယ်တော်၊ ကျွန်ုပ် နောက်နောင် မည်သည့်အခါမျှ ယင်းအမှုကို မပြုလုပ်တော့ပါ။ ယင်းအမှုကို ကျွန်ုပ်၏စိတ်နှလုံးအတွင်း အလွန်စက်ဆုပ် ရွံရှာ ဖွယ်တစ်ခုအဖြစ် သိရှိခံစားလိုက်ရပါသည်'' ဟု ဖြေကြားလိုက်

လေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့နည်းဖြင့် ဆုံးမ ပဲ့ပြင်တော်မူခဲ့လေသည်။

## ကျေးတောသားတစ်ဦး၏အဖြစ်အပျက်

ကျေးတောသားတစ်ဦးသည် တမန်တော်မြတ် ﷺ ၏ (မတ်စ်ဂျိဒေနဗဝီ) အတွင်းသို့ ရောက်ရှိလာသည်။ တမန်တော်မြတ် ﷺ သည် မိမိ၏သာဝကများနှင့်အတူ ထိုင်နေတော်မူလေသည်။ အဆိုပါကျေးတောသားမှာ အလျင်အမြန်နမာဇ် နှစ်ရကအသ်ဖတ်လိုက်ပြီးနောက် အံ့ဖွယ် အောက်ပါဒုအာကို တောင်းခံလိုက်လေတော့သည်။ ဒုအာမှာ -

اَللّٰهُمَّ ارْحَمْنِيْ وَمُحَمَّدًا وَلَا تَرْحَمْ مَعَنَا اَحَدًا

**အဓိပ္ပာယ်** - "အို..အလ္လာဟ်အရှင်မြတ်၊ ကျွန်ုပ်နှင့် မုဟမ္မဒ်ကိုသာ သနားဂရုဏာသက်တော်မူပါ။ ထို့ပြင် မည်သူ့ကိုမျှ သနားတော်မမူပါနဲ့။"

တမန်တော်မြတ် ﷺ သည် အထက်ပါဒုအာကို ကြားတော်မူပြီး "သင်ဟာ ကျယ်ပြောတဲ့အရှင်မြတ်ရဲ့ကရုဏာတော်ကို ကျဉ်းမြောင်း (ဘောင်ခတ်) လိုက်တာပဲ" ဟု မိန့်ဆိုတော်မူလိုက်လေသည်။ ခဏအကြာတွင် အဆိုပါကျေးတော

သားမှာ ဗလီ၏ (စဟဲန်) ဉပစာ၌ သွားထိုင်ကာ ကျင်ငယ်စွန့်လိုက်လေသည်။ ဆွဟာဗဟ်များမှာ ၎င်း၏လုပ်ရပ်ကို တွေ့မြင်ပြီး တားမြစ်ရန် လှုပ်လှုပ်ရှရှဖြစ်သွားကြသည်။ ထို့နောက် ထိုပုဂ္ဂိုလ်ထံပြေးသွားကာ ဆူပူအော်ဝေါ်ကြသည်။ တမန်တော်မြတ် ﷺ က သာဝကများအား "သူ ကျင်ငယ်စွန့်နေတာကို မတန့်စေပါနဲ့ စွန့်ပါစေ" ဟု မိန့်ကြားတော်မူလိုက်လေသည်။

ကျေးတောသားမှ ကျင်ငယ်စွန့်ပြီးသွားသောအခါ တမန်တော်မြတ် ﷺ က သာဝကများအား 'ထိုသူ ကျင်ငယ်စွန့်ခဲ့သည့်နေရာကို ရေဖြင့်ဆေးကြောသန့်စင်လိုက်လေကုန်' ဟု မိန့်ကြားတော်မူလိုက်သည်။ ထို့နောက် အဆိုပါကျေးတောသားအား မိမိအပါးသို့ခေါ်တော်မူပြီး ဗလီဆိုသည်မှာ ကျင်ကြီး ကျင်ငယ်စွန့်ပြီး ညစ်ပတ်အောင်ပြုရသည့်နေရာမဟုတ်ပါ။ ဗလီသည် အလ္လာဟ်အရှင်မြတ်၏အိမ်တော်ဖြစ်သည်။ ၎င်းကို သန့်ပြန့်စွာထားသင့်သည် စသည်ဖြင့် မေတ္တာကရုဏာရှေ့ထား၍ သိနားလည်စေတော်မူခဲ့သည်။

ယနေ့ ကျွန်ုပ်တို့၏ရှေ့၌ ထိုကဲ့သို့တစ်ဦးတစ်ယောက် ကျင်ငယ်စွန့်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ထိုပုဂ္ဂိုလ်ကို မည်သို့ ပြောဆိုပြုမူကြမည်ကို မတွေးဝံ့စရာဖြစ်သည်။ သို့သော် တမန်

တော်မြတ် ﷺ သည် အဆိုပါကျေးတောသားအား ဒေါက်ငမ်းခြင်းပင်မပြုခဲ့ချေ။

## ကျွန်ုပ်တို့သဗ်လီးဂ်လုပ်နေသည့်ပုံစံ

အဆိုပါ ဟဒီးဆ်တော်မှ တမန်တော်မြတ် ﷺ သည် ဒအ်ဝသ်နှင့် သဗ်လီးဂ်၏စည်းကမ်းချက်များကို ပြသခဲ့ခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့အတွင်း၌ ဒအ်ဝသ်နှင့် သဗ်လီးဂ်လုပ်ရန် ခံစားချက်ပင် မပေါ်ပေါက်သေးပေ။ အကယ်၍ ကျွန်ုပ်တို့အနက်မှ တစ်ဦးတစ်ယောက်၏စိတ်တွင်း၌ ခံစားချက်ပေါ်ပေါက်လာပြန်ပါကလည်း ကျန်လောကသားများ နေစရာမရှိအောင် ဒုက္ခနှင့်ကြုံရလေတော့သည်။

တစ်ဦးတစ်ယောက် ဗလီတွင် မလျော်ကန်သည့် အပြုအမူတစ်စုံတစ်ရာပြုလုပ်နေသည်ကို တွေ့မြင်နေရပါက ထိုသူ့ကို ဆူပူဒေါက်ငမ်းကြိမ်းမောင်းခြင်းဖြင့် အစပြုတော့သည်။ ထိုသို့ပြုခြင်းမှာ တမန်တော်မြတ် ﷺ ၏ စွန္နသ်တော်မဟုတ်ချေ။

မည်သည့်စကားမဆို ပြောဆိုရာတွင် ဟန်၊ မာန် ဆိုသည်မှာ ရှိသည်။ ထိုဟန် ထိုမာန်ဖြင့် ပြောဆိုသင့်သည်။

ထို့ပြင် စိတ်နှလုံးအတွင်းမှလည်း ''အရှင်မြတ်၏ကျေးကျွန်တစ်ဦး အကြောင်းတစ်ခုခုကြောင့် မှားယွင်းသွားလေပြီ။ ငါသည် ထိုသူ့ကို အမှန်ဘက်သို့ညွှန်ပြခြင်းဖြင့် ထိုသူ အမှန်တရားလမ်းပေါ်သို့ ရောက်လာလိမ့်မည်'' ဟု ခံစားမှုဖြင့် ပြောဆိုသင့်သည်။

မိမိ၏အရှိန်အဝါ ဩဇာအာဏာကိုပြရန် (သို့) မိမိ၏ပညာဂုဏ်မောက်ရန်ဆိုသော ခံစားချက်ဖြင့် မပြောဆိုရ။ ယင်းသို့သော ခံစားချက်တို့သည် ဒအ်ဝသ်နှင့် သဗ်လီးဂ်လုပ်ငန်းကို ပျက်စီးဆိတ်သုဉ်းစေသည်။

## သင့်အလုပ်မှာ စကားပါးရန်သာဖြစ်သည်

ယနေ့ မေးခွန်းတစ်ခုထုတ်ကြသည်မှာ - ''အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ချိုသာပျော့ပြောင်းစွာ တားမြစ် ပြောဆိုပါက လူတို့မှာ နားမထောင်ကြပေ။''

ယင်း၏အဖြေမှာ ''သင်၏ပြောစကားကို ထိုသူနားထောင်ခြင်း၊ နားမထောင်ခြင်းဆိုသည်မှာ သင်နှင့်မဆိုင်၊ သင့်တာဝန်မဟုတ်ပေ။ သင့်အလုပ်မှာ သင့်စကားကို လူတို့ထံပါးရန်ပင်ဖြစ်သည်။ ဤသည် သင့်တာဝန်ဖြစ်သည်။''

ကျမ်းတော်မြတ်ကုရ်အာန်၌ အဖြစ်အပျက်တစ်ခုနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ "အုပ်စုတစ်စုသည် အရှင့်အမိန့်ဗီဆန်မှု၌ နစ်မွန်းနေကြသည်။ ထိုအုပ်စုမှာ တရားလမ်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိလာရန် မျှော်လင့်ချက်ပင်မရှိတော့ချေ။ ထိုအုပ်စုပေါ်သို့ အရှင်မြတ်၏ အမျက်တော်ရှ ပြစ်ဒဏ် ဆိုက်ရောက်တော့မည်ဖြစ်သည်။

ထို့ကြောင့် ပြစ်ဒဏ်မလာမီအလျင် အရှင်မြတ်၏ အချို့သော ကျေးကျွန်များက ထိုသူတို့အား ချိုသာနူးညံ့စွာဖြင့် "သင်တို့ အရှင့်အမိန့် ဗီဆန်မှုမပြုကြပါနှင့်" ဟူ၍ သတိလီးဂ် ဆိုဆုံးမလျက် ရှိနေကြသည်။ ယင်းသို့ ဆိုဆုံးမမှုပြုနေကြသူတို့ကို တစ်ဦးသောသူက ....

لِمَ تَعِظُونَ قَوْمًا إِللّٰهُ مُهْلِكُهُمْ اَوْ مُعَذِّبُهُمْ

عَذَابًا شَدِيْدًا ؕ قَالُوْا مَعْذِرَةً اِلٰى رَبِّكُمْ

**"အသင်တို့သည် အကြင်အမျိုးသားတို့အား (အဘယ်ကြောင့် ဆုံးမသြဝါဒပေးလျက်ရှိကြပါသနည်း။ "အလ္လာဟ်" အရှင်မြတ်သည် ထိုအမျိုးသားတို့အား) ပျက်စီးစေတော်မူမည်ဖြစ်သည်။ သို့မဟုတ် (ထိုအရှင်မြတ်သည်) ၄င်းတို့အား (အခြားတစ်စုံတစ်ရာ) ပြင်းထန်သော ပြစ်ဒဏ်ကို ပေးတော်မူမည်ဖြစ်ချေသည်" ဟု ပြောကြားခဲ့ကြလေသည်။**

ထိုအခါ ထို (ဆုံးမညွှန်ပြဒါဒစကားပြောကြားနေ) သူတို့က (ကျွန်ုပ်တို့သည်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် အပြစ် လွတ်ရာလွတ်ကြောင်းဖြစ်စေခြင်းကို-မျှော်လင့်၍ (ဆုံးမ ညွှန်ပြဒါဒပေးခြင်း ပင်ဖြစ်သည်) ဟူ၍ ဖြေကြားကြလေသည်။

*(ကုရ်အာန်-၇း၁၆၄)*

တစ်နည်းဆိုသော် ပြန်လည်ကောင်းမွန်လာရန် မျှော်လင့်ချက်မရှိတော့သည့်အတွက်ကြောင့် အရှင်မြတ်ဘက် မှ ပြစ်ဒဏ်ခတ်ပြီး ဖျက်ဆီးခံရတော့မည့်သူများကို အဘယ် ကြောင့် တရားပြ ဆုံးမနေကြသနည်းဟု ဆိုလိုခြင်းဖြစ်သည်။

(စွဗ်ဟာနလ္လာဟ်)

ထိုအခါ ဆုံးမသူတို့က مَعۡذِرَةً إِلَىٰ رَبِّكُمۡ ၎င်းတို့ အပေါ်၌ ဆိုက်ရောက်တော့မည့်ပြစ်ဒဏ်မှ လွတ်ကင်းအောင် ပြုနိုင်ကြတော့မည်မဟုတ်၊ ပြောစကားကိုလည်း နားထောင် ကြမည့်သူများမဟုတ်ဟု ဆိုသည်ကိုလည်း ကျွန်ုပ်တို့ သိထား ကြသည်။ သို့တိုင်အောင် ကျွန်ုပ်တို့ ၎င်းတို့ကို ဆုံးမနေသည် မှာ အလ္လာဟ်အရှင့်ရှေ့တော်မှောက်၌ ထုချေလွှာပေးနိုင်ရန် ဖြစ်သည်ဟူ၍ ဖြေကြားလိုက်ကြသည်။ ဆိုလိုသည်မှာ ကျွန်ုပ် တို့ တစ်နေ့ အလ္လာဟ်အရှင်မြတ်အရှေ့တော်မှောက်သို့ရောက် လျှင် အရှင်မြတ်က ''အသင်တို့၏မျက်စိရှေ့တွင် အပြစ်ကျူး

လွှန်နေသည်ကို သင်တို့ တားမြစ်ရန် ကြိုးစားခဲ့ပါသလား" ဟု မေးတော်မူခဲ့ပါက "အို..အလ္လာဟ်အရှင်မြတ်၊ မှန်ပါသည်၊ ကျွန်ုပ်တို့အနေဖြင့် ထိုသူတို့ အပြစ်ကျူးလွန်နေသည်ကို မြင်တွေ့ရသောအခါ နည်းမျိုးစုံဖြင့် ကြိုးစားတားမြစ်ခဲ့ပါသည်။ လမ်းမှန်ပေါ်ရောက်အောင် လမ်းညွှန်ခဲ့ပါသည်။ သို့သော် ကျွန်ုပ်တို့တစ်တွေ ၎င်းတို့နှင့် မပတ်သက် (အပြစ်ကျူးလွန်ခြင်း မရှိ) ခဲ့ပါ" ဟူ၍ ဖြေကြားနိုင်ရန်ဖြစ်သည်။

ထို့ကြောင့် အမှန်တရားဘက်ဖိတ်ခေါ်သူ (ဒါအီ) တစ်ဦးအနေဖြင့် သဗ်လီးဂ်လုပ်ရာတွင် မိမိတို့၏စိတ်နှလုံး အတွင်း အထက်ပါအဖြေစကားရပ်ကို အစဉ်နှလုံးသွင်း၍ ဖိတ်ခေါ်သင့်သည်။ မည်သူ လက်ခံ၊ မခံ မိမိတာဝန် ကျေပွန်သွားမည်ဖြစ်သည်။

တမန်တော်နူးဟ် عليه السلام သည် နှစ်ပေါင်း (၉၅၀) ခန့် သဗ်လီးဂ်လုပ်ခဲ့သော်ငြားလည်း လူ (၈၀–၉၀) ခန့်သာလျှင် မုစ်လင်မ်ဖြစ်ခဲ့ကြသည်။

ဤသည်နှင့်စပ်လျဉ်း၍ တမန်တော်နူးဟ် عليه السلام အပေါ် အရှင်မြတ်ဘက်မှ အရေးယူတော်မူရန် အကြောင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် နူးဟ် عليه السلام အပေါ်၌ လူတစ်ဦးကို မုစ်လင်မ်ဖြစ်စေရမည်ဟူ၍ တာဝန်မပေးထားချေ။

ထို့ကြောင့် ယနေ့ သင်လည်း အမှန်စကားကို အမှန်နိယာသ်ဖြင့် နည်းစနစ်မှန်ကန်စွာဖြင့်လည်းကောင်း၊ ၎င်း၏ကောင်းကျိုးကို လိုလားသူတစ်ဦးအနေဖြင့်လည်းကောင်း တားမြစ်နိုင်စွမ်းမရှိပါက တတိယအဆင့်အနေဖြင့် မိမိစိတ်တွင်းမှ ''ဒီလူလုပ်နေတဲ့အလုပ်ဟာ မကောင်းဘူး'' ဟု မှတ်ယူလိုက်ရမည်။

မေးစရာတစ်ခုရှိလာသည်မှာ အဆိုပါ တတိယအဆင့်သည် နှုတ်ဖြင့်တားမြစ်နိုင်စွမ်းမရှိတော့သည့်အခါမှ ပြုသင့်သည့်အချက်ဖြစ်သည်။ သို့ဆိုလျှင် 'လူသည် အခါခပ်သိမ်း နှုတ်ဖြင့် တားမြစ်နိုင်စွမ်းရှိကြသည်သာ၊ သို့ဆိုလျှင် နှုတ်ဖြင့် တားနိုင်စွမ်းမရှိကြလျှင်' ဆိုသည့် အလိုသဘောမှာ မည်သို့နည်း။

ယင်း၏အဖြေမှာ လူတစ်ဦးသည် မကောင်းမှုပြုနေသူတစ်ဦးအား နှုတ်ဖြင့် (တိုက်ရိုက်) တားမြစ်လိုက်မည်ဆိုပါက ယခု ထိုသူပြုနေသည့်မကောင်းမှုထက် ဆိုးရွားသော ပြဿနာဖြစ်ပေါ်လာနိုင်သည်ဆိုလျှင် ထိုအခါမျိုး၌ ဆိတ်ဆိတ်နေခြင်းက ပို၍ကောင်းသည်။

ဥပမာ – လူတစ်ဦးသည် တစ်စုံတစ်ခုကို စွန္နသ်တော်နှင့်ဆန့်ကျင်ပြီး လုပ်နေသည်ဆိုပါစို့။ ထိုအခါ သင့်အနေနှင့် ''အကယ်၍ ငါသူ့ကို သတိပေးတားမြစ်လိုက်မယ်ဆိုရင်

ဒီလူ လက်ခံရမယ့်အစား စွန်သည်တော်ကိုပါ သရော်လိမ့်မယ်" ဟု ယုံကြည်ရလျှင်သော်လည်းကောင်း (သို့) အကယ်၍ သင် စွမ်းနိုင်သည့်အတွက်ကြောင့် "မိတ်ဆွေကြီး၊ မိတ်ဆွေကြီး လုပ်နေတဲ့အလုပ်ဟာ စွန့်သည်တော်နှင့်ဆန့်ကျင်နေပါတယ်။ ဒါကြောင့် စွန့်သည်တော်နှင့်အညီလုပ်ပါ' ဟု ပြောလိုက်သော် လည်း တစ်ဖက်သားမှ "ငါ့ကို စွန့်သည်တော်နှင့်ဆန့်ကျင်တဲ့ အလုပ်တွေချည်း လုပ်နေတယ်လို့ ပြောတာပဲ" ဟု ထင်သွား နိုင်စရာရှိပြီး စွန့်သည်တော်များကို သရော်လိမ့်မည်။ သို့ဖြင့် ကုဖ္ဖရ်ဖြစ်မည်ကိုပင် စိုးရိမ်ရသောအခါမျိုးတွင် ဘာမှမပြောဘဲ ဆိတ်ဆိတ်နေခြင်းက ပို၍သင့်တော်သည်။ ထို့ပြင် မိမိစိတ် အတွင်းမှပင် ယင်းလုပ်ရပ်ကို မကောင်းဟုခံယူလိုက်ခြင်းမှာ ပို၍သင့်တော်သည်။

## မကောင်းမှုကို စိတ်ဖြင့်ပြောင်းလဲပေးရမည်ဆိုသည်မှာ

အကယ်၍ အထက်ပါဟဒီးဆ်တော်ကို တိုက်ရိုက် ပြန်ဆိုရပါက တစ်ဦးတစ်ယောက်သည် မကောင်းမှုတစ်ခုကို နှုတ်ဖြင့် ပြောင်းလဲပေးနိုင်စွမ်းမရှိပါက ထိုအခါ စိတ်ဖြင့်ပြောင်း လဲပေးရမည်ဟူ၍ဖြစ်သည်။ ထိုမကောင်းမှုကို စိတ်အတွင်းမှ

မကောင်းထင် (မှတ်ယူ) ရမည်ဟု မပါရှိပေ။ သို့ဆိုလျှင် စိတ်ဖြင့် ပြောင်းလဲပေးရမည်ဆိုသည်မှာ အဘယ်သို့နည်း။

အိုလမာ (သာသနာ့ပညာရှင်) များက ဤသည်နှင့် စပ်လျဉ်း၍ ဖွင့်ဆိုကြသည်မှာ ''အကယ်၍ လူတစ်ဦး၌ လက်ဖြင့် တားနိုင်စွမ်းမရှိ၊ နှုတ်ဖြင့်လည်း တားနိုင်စွမ်းမရှိတော့လျှင် ထိုအခါမျိုးတွင် ၎င်း၏စိတ်အတွင်း၌ ယင်းမကောင်းမှုနှင့် ပတ်သက်၍ မနှစ်မြို့ကြောင်း ပေါ်လွင်နေရမည်။ ထို့ပြင် 'တစ်နေ့နေ့ တစ်ချိန်ချိန် ငါ့လက်နဲ့ (သို့မဟုတ်) နှုတ်နဲ့တော့ အဲဒီမကောင်းမှုကို ပြောင်းလဲပေးမယ်'ဟူ၍ သန္နိဋ္ဌာန်ပြုထားရမည်ဖြစ်သည်။

လူတစ်ဦး၏ စိတ်အတွင်းမှ မကောင်းမှုတစ်ခုကို စက်ဆုတ်မှုဖြစ်လာပြီဆိုလျှင် ထိုသူ၌ ''ငါ အဲဒီမကောင်းမှုကို ဘယ်လိုလုပ်ပြီး ဟန့်တားပြောင်းလဲပေးရမလဲ။ ဘယ်လိုပုံစံနှင့် လုပ်ရမလဲ'' ဆိုသည့် အသိနှင့် ခံစားချက်တို့မှာ အစဉ်လွှမ်းမိုးလျက်ရှိနေတတ်သည်။

ဥပမာ - သားဖြစ်သူမှာ မကောင်းမှုကျူးလွန်နေသည်ဆိုပါစို့။ ထိုအခါ ဖခင်ဖြစ်သူက လက်ဖြင့် ဆုံးမပဲ့ပြင်သော်လည်း အရာမထင်။ နှုတ်ဖြင့် ဆုံးမမှုပြုသော်လည်း အချည်းအနှီးဖြစ်နေသည်။ ထိုအခါ ဖခင်ဖြစ်သူ၏ စိတ်အတွင်းဝယ်

“ဝါ့ရဲ့သားကို သူနားလည်သဘောပေါက်လာအောင် ငါဘယ်လို စကားမျိုးနှင့် ပြောဆိုရမလဲ။ ဘယ်ပုံစံနှင့်ပြောဆိုရမလဲ။ သူ့ကို မကောင်းတဲ့အပြုအမူတွေထဲကနေ ဘယ်လိုလုပ်ပြီး ဆွဲထုတ်ရမလဲ” စသည့် သောကဗျာပါဒဖြင့် အိပ်စက်၍ပင်ရနိုင်မည် မဟုတ်ချေ။

ထိုသို့သော သောကဗျာပါဒကပင် မည်သို့သောအခြေအနေတွင် မည်သို့ပြောဆိုရမည်။ တစ်ဖက်သား၏စိတ်နှလုံးအတွင်းသို့ မည်သို့စူးရှစေမည်ဟူသော လမ်းစကို၏ ဖွင့်ပေးလေ့ရှိသည်။ ဤသို့ဖြင့် တစ်နေ့မဟုတ် တစ်နေ့ ထိုသူ၏ပြောစကားမှာ ထိရောက်မှုရှိလိမ့်မည်ဖြစ်သည်။

## ကျွန်ုပ်တို့ သောကပိုက်ကြပါစို့

ယနေ့ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ လေးဘက်လေးတန် မှ ဖြစ်ပေါ်ကျူးလွန်နေကြသည့် မကောင်းမှုများနှင့်ပတ်သက်၍ ကျွန်ုပ်တို့အနေဖြင့် လက်ဖြင့်လည်း တားမြစ် ပြောင်းလဲပေးနိုင်စွမ်းမရှိကြတော့ပြီ ဆိုသည်ကို လက်ခံရမည်ဖြစ်သည်။

သို့သော်ငြားလည်း ကျွန်ုပ်တို့ ကိုယ်စီကိုယ်စီ မိမိ၏ စိတ်နှလုံးအတွင်း၌ “ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်ကုန်ပြီလဲ။

အဲဒီမကောင်းမှုတွေကို ငါဘယ်လိုတားဆီးရမလဲ” ဆိုသည့် ပုစ္ဆာသောကကို ရင်ဝယ်ပိုက်ထားသင့်သည်။ ယင်းသောကမှာလည်း “ဗိုက်အောင့်နေသူတစ်ဦး ဗိုက်အောင့်မပျောက်သရွေ့ ပုစ္ဆာသောကမပျောက် (ငြိမ်းချမ်းမှုမရ) နိုင်သကဲ့သို့သော သောကမျိုးဖြစ်ရမည်။ အဆိုပါပုစ္ဆာသောကမျိုး ကျွန်ုပ်တို့၏ စိတ်နှလုံးအတွင်း ကိန်းဝပ် ခဲ့မည် ဆိုလျှင် အင်န်ရှာအလ္လာဟ် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ဖြစ်ပေါ်နေသည့် မကောင်းမှုအားလုံး ဆိတ်သုဉ်းသွားလိမ့်မည်။

ထို့ပြင် ယင်းမကောင်းမှုတို့ကို တားမြစ်ပြောင်းလဲပေးရမည့်နည်းလမ်းကို တွေ့လိမ့်မည်ဖြစ်သည်။

## တမန်တော်မြတ် ﷺ နှင့် ပုစ္ဆာသောက

တမန်တော်မြတ် ﷺ မွေးဖွားကြီးပြင်းပွင့်ပေါ်လာသည့်ပတ်ဝန်းကျင်မှာကုဖုရ်၊ ရှရိက်နှင့် အလုံးစုံသောမကောင်းမှု၌ နစ်မွန်းနေကြသည့် ပတ်ဝန်းကျင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား ပွင့်ပွင့်လင်းလင်း စိန်ခေါ်မှုများနှင့် ထင်ထင်ရှားရှား ပွင့်ပွင့်လင်းလင်း အမိန့်ဖီဆန်မှုများပြုနေကြသည့် ပတ်ဝန်းကျင်ဖြစ်သည်။ မည်သူမျှ မည်သူ၏စကားကိုမျှ နားမထောင်ကြ။

ယင်းသို့သောအခြေအနေနှင့် အချိန်အခါမျိုး၌ အလ္လာဟ်အရှင်မြတ်မှ တမန်တော်မြတ် ﷺ အား "ထိုသူတို့အားလုံး ကောင်းမွန်လာစေဖို့ သင် ပြုပြင်ပေးရလိမ့်မည်" ဟု မိန့်ကြားခဲ့လေသည်။

တမန်တော်မြတ် ﷺ သည် တမန်တော်ဖြစ်ပြီးနောက် (၃)နှစ်တိုင်တိုင် ဒအ်ဝသ်နှင့် သဗ်လီးဂ်လုပ်ခွင့်မရှိခဲ့ချေ။ အဆိုပါ (၃)နှစ်အတွင်း တမန်တော်မြတ် ﷺ သည် 'မိမိပတ်ဝန်းကျင်၌ ဖြစ်ပေါ်လျက်ရှိသည့် မကောင်းမှုများကို ကြည့်ရှုဆင်ခြင်လျက်ရှိနေတော်မူသည်။ ၎င်းနောက် 'ဟီရာ'လိုဏ်ဂူအတွင်း သိတင်းသုံးရင်း အရှင်မြတ်ထံ ဆုပန်ကြားနေတော်မူခဲ့သည်။ ထို့နောက် မိမိ၏ ပျက်ဆီးနေသည့်ပတ်ဝန်းကျင်ကို မည်သို့ပြုပြင်ရမည်နည်းဆိုသည့် ခံစားချက်နှင့် ပူဆွေးသောကကို ပိုက်ထွေးတော်မူခဲ့သည်။ အဆုံးတွင် တမန်တော်မြတ် ﷺ ၏ ပူဆွေးသောကများမှာ အထွဋ်အထိပ်သို့ ရောက်ခဲ့တော်မူသည်။ ၎င်းနောက် ဒအ်ဝသ်နှင့် သဗ်လီးဂ်လုပ်ခွင့်ရလိုက်သည့်အခါ တမန်တော်မြတ် ﷺ သည် မိမိ၏ပတ်ဝန်းကျင်တစ်ခုလုံးကို ဒအ်ဝသ်နှင့် သဗ်လီးဂ်လုပ်ငန်းဖြင့် ပြောင်းလဲစေတော်မူခဲ့သည်။

တမန်တော်မြတ် ﷺ အနေဖြင့် မိမိပတ်ဝန်းကျင်အတွက် မည်မျှပူဆွေးသောကဖြစ်ခဲ့သနည်းဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၌

لَعَلَّكَ بَاخِعٌ نَّفْسَكَ اَنْ لَّا يَكُوْنُوْا مُؤْمِنِيْنَ

(အို-နဗီတမန်တော်)၊ ၎င်း (မက္ကာဟ်မြို့သား) တို့သည် သက်ဝင်ယုံကြည်ခြင်းမရှိကြသောကြောင့် အသင်သည် မိမိကိုယ်ကိုမိမိ နှိပ်စက်ကလူပြုချင်လုမတတ်ဖြစ်နေဘိ၏။ *(ကုရ်အာန်-၂၆း၃)*

ဆက်လက်၍ အလ္လာဟ်အရှင်မြတ်က နှစ်သိမ့် အားပေးသည့်အနေဖြင့် إن عليك إلا البلاغ၊ "သင်၏ တာဝန်မှာ ပို့ချရန်သာဖြစ်သည်။ သင့်ကိုယ်သင် ဒုက္ခရောက်စေသည့်အထိ ပူဆွေးသောကဖြစ်ရန်မလို" ဟူ၍ မိန့်ကြားခဲ့ရသည်။

သို့တိုင်အောင် တမန်တော်မြတ် ﷺ ၏ စိတ်နှလုံးအတွင်း မည်မျှပူဆွေးသောက များကိန်းဝပ်နေသခဲ့သနည်းဆိုသော် တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာသူတိုင်းကို ကြည့်ပြီး "ငါ ဒီလူကို ဘယ်လိုလုပ်ပြီး ဂျဟန္နမ် (ငရဲမီး) ထဲမှ ကယ်တင်ရမလဲ၊ ပြီးတော့သူ့နှလုံးသားထဲမှာသာသနာ့စကားတွေကိန်းအောင်းသွားအောင် ဘယ်လိုပြောရမလဲ" ဆိုသည့်အတွေးသာ လွှမ်းမိုးနေတော်မူခဲ့လေသည်။

# ကျွန်ုပ်တို့ဥပေက္ခာပြုထားလိုက်ပြီ

ယနေ့ ကျွန်ုပ်တို့၌ ထိုသို့သောခံစားချက်နှင့် ပူဆွေးသောကမရှိတော့ခြင်းသည်သာလျှင် ပျက်စီးနေခြင်းဖြစ်သည်။ နံပါတ်(၁)မှာ ကျွန်ုပ်တို့သည် မကောင်းမှုတစ်ခုကို မကောင်းဟူ၍ ပြောရန်ပင် ရှက်နေကြသည်။ ဤသည်လည်း ပတ်ဝန်းကျင်၏ ရောင်ပြန်ဟပ်မှုပင်ဖြစ်သည်။ မည်မျှရောင်ပြန်ဟပ်နေသနည်းဆိုလျှင် ယနေ့ ကျွန်ုပ်တို့အနက်မှ တစ်ဦးတစ်ယောက်သည် မကောင်းမှုကျူးလွန်သော်လည်း မကောင်းမှုကျူးလွန်သူတို့အား တားမြစ်ခြင်းမပြုဘဲ ထိုသူတို့နှင့် ကင်းကင်းရှင်းရှင်းနေတတ်ကြလေသည်။ ယင်းသို့ နေထိုင်ရသည့်အကြောင်းအရင်းမှာ ''ငါ့ရဲ့ ပျို့ရွယ်နုပျိုတဲ့အချိန်တွေ ကုန်လွန်သွားပြီ၊ အခု ငါ ဇရာပိုင်းကိုရောက်နေပြီ၊ အခုအချိန်ကျမှ ငါ သူတို့ကို သွားတားမယ်ဆိုရင် ရှက်စရာကောင်းတယ်။ ငါ့ရဲ့မှု (ပုံစံ)ကို ပြောင်းလဲလိုက်သလိုဖြစ်နေလိမ့်မယ်'' ဆိုသောအတွေးဖြင့် မိမိ၏မှု (ပုံစံ) ကို မပြောင်းမလဲ၊ ကင်းကင်းရှင်းရှင်းနေခြင်းသာဖြစ်သည်။

ဤသို့ဖြင့် မိမိ၏သားမှာ လမ်းမှားတွင်လျှောက်နေသော်လည်း မိမိအနေဖြင့် စိုးစဉ်းမျှ မကောင်းဟူ၍မမြင်၊ မယူ

ဆချေ။ အကယ်၍ စိတ်နှလုံးအတွင်းမှ အမှားကို အမှားဟု လည်းကောင်း၊ မကောင်းမှုကို မကောင်းမှုဟုတွေးထင်လျှင် လည်းကောင်း မုချအမှန် ထိုသူတို့၏စိတ်နှလုံးအတွင်း ခံစားမှု နှင့် ပူဆွေးသောကဖြစ်မိမှာ အမှန်ပင်ဖြစ်သည်။ သို့ဖြစ်ရာ ယခု စိတ်နှလုံးအတွင်း၌ မကောင်းမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ခံစားမှုမရှိဆိုသည်မှာ ထင်ရှားသည်။ ထို့ပြင် အချို့သူတို့မှာ သားသမီးနှင့်ပတ်သက်လာလျှင် ''ငါတို့ခေတ်ကုန်သွားပြီ အခုမျိုးဆက်သစ်လူငယ်တွေပဲ''ဆိုသည့်အတွေး မွေးမြူထား ကြလေသည်။ အကယ်၍ ထိုလူငယ်များ ပျော်ပါးမြူးထူးပြီး သီဆိုခုန်ပေါက်ကာ အကျင့်စရိုက်ပျက်စီးနေလျှင်လည်း ''သူ တို့ခေတ်ပဲ၊ ခေတ်ရေစီးကြောင်းအတိုင်းပေါ့ ဘာတတ်နိုင်မှာ လဲ'' ဟူ၍ ညည်းတွားပြရုံမှတစ်ပါး တားမြစ်ခြင်းမပြုဘဲ လွှတ် ထားကြသည်။

ကျွန်ုပ်တို့အနေဖြင့် ခေတ်ရေစီးကြောင်းကို ကြည့် ရန်မလိုဟု မဆိုလို။ မည်သည့်ပညာရှင်တစ်ဦးတစ်ယောက် မျှလည်း ခေတ်ရေစီးကြောင်းကို မကြည့်ရဟု မတားမြစ်ခဲ့ပါ။ ခေတ်ရေစီးကြောင်းကိုကြည့်ရမည်။ သို့သော် ခေတ်ရေစီး ကြောင်းနောက်သို့ လိုက်ရန်မှာမူ စဉ်းစားဆင်ခြင်ဖို့လိုသည်။ ခေတ်ရေစီးကြောင်းသည် မည်သည့်လမ်းကြောင်းအတိုင်း သွား

နေသနည်း။ သွားနေသည့်လမ်းကြောင်း မှန်နေသလား၊ မှားနေသလား ဆိုသည်ကို ဝေဖန်ဆင်ခြင်သင့်သည်။ အကယ်၍ ခေတ်ရေစီးကြောင်းသည် မှန်ကန်သည့်လမ်းကြောင်းအတိုင်းသွားနေသည်ဆိုလျှင် ဆိုဖွယ်ရာမရှိပါ။

ယခုမူ ယင်းသို့စဉ်းစားဆင်ခြင်ခြင်းမပြုမိဘဲ မိမိ၏ သားသမီးများ လုပ်ချင်ရာလုပ်နေသည်ကို တားမြစ်မှုမပြုတော့ခြင်းမှာ (ရိုးသားစွာဝန်ခံရလျှင်) မကောင်းမှုများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်း၌ စိုးစဉ်းမျှ ခံစားချက်မရှိ၊ ပူဆွေးသောကမရှိခြင်းတို့ကြောင့်ဖြစ်သည်။

## စကားတွင် မည်သို့ထိရောက်မှုရှိနိုင်မည်နည်း

လူတစ်ဦး၏ စိတ်နှလုံးအတွင်း၌ ပတ်ဝန်းကျင်၏ မလျော်ကန်သည့် ပြုမူချက်များကြောင့် ခံစားမှုနှင့် ဝမ်းနည်းသောကဖြစ်လာပြီဆိုလျှင် ထိုအခါ အလ္လာဟ်အရှင်မြတ်ဘက်မှလည်း ထိုသူ၏ပြောစကား၌ ထိရောက်မှုအစွမ်းကို ထည့်သွင်းပေးတော်မူလေသည်။

မော်လာနာ နာနောင်သဝီ (رحمة الله عليه) သခင် မိန့်ကြားခဲ့သည်မှာ ''အမှန်စင်စစ် လူတစ်ဦးသည် မိမိအတွက်

အရေးကြီးလိုအပ်သည့်ဆန္ဒကို ဖြည့်ဆည်းရန် ပြင်းပြမှုရှိသကဲ့သို့ 'ဒအ်ဝသ်' နှင့် 'သဗ်လီးဂ်'ကိုလည်း လုပ်ရမည်ဟူ၍ ဆန္ဒပြင်းပြသူများသာလျှင် ဒအ်ဝသ်နှင့် သဗ်လီးဂ်ကို လုပ်ခွင့်ရကြသည်။

ဥပမာ - ဆာလောင်နေသူတစ်ဦးသည် အစားအသောက် တစ်စုံတစ်ရာမမှီဝဲသမျှ စိတ်ချမ်းသာယာမှုမရသကဲ့သို့ ဒအ်ဝသ်နှင့် သဗ်လီးဂ်ကို အစာအဟာရကဲ့သို့ မှီဝဲရန် ဆန္ဒပြင်းပြသူများသာလျှင် လုပ်ခွင့်ရကြသည်။ အလ္လာဟ်အရှင်မြတ်မှ စိုင်ယိဒ် အိစ်မာအီလ်ရှဟီးဒ်ရှာဟ် ﴿رحمة الله عليه﴾ သခင်၏ စိတ်နှလုံးအတွင်း၌ အဆိုပါ ဒအ်ဝသ်နှင် သဗ်လီးဂ်၏ ခံစားချက်ကို မည်မျှထည့်သွင်းပေးထားသနည်းဆိုလျှင် ဆရာကြီး၏ တရားပွဲတိုင်းလိုလိုတွင် သိန်းပေါင်းများစွာသောလူတို့မှာ ဆရာကြီးရှေ့မှောက်လာ၍ အမှားဝန်ခံမှုပြုကြသည်။ ဤသည် နှလုံးသားအတွင်းမှထွက်လာသည့် စကားလုံးများကြောင့် တစ်ဖက်သား၏စိတ်နှလုံးအတွင်း စူးနစ်ခံစားစေခြင်း၏ ပြယုဂ်တစ်ခုဖြစ်သည်။

( ၅၂ )

## ရှိုင်ယိဒ် အစ္စမာအီလ် ရှဟီးဒ်ရှာဟ် (رحمة الله عليه) သခင်၏ အဖြစ်အပျက်တစ်ခု

ဟဇ်ရသ်ရှားဟ် အိဇ်မာအီးလ် ရှဟီးဒ် (رحمة الله عليه) သခင်၏ ဖြစ်စဉ်များအနက် တစ်ခုမှာ တစ်နေ့တွင် ဆရာသခင်ကြီးသည် ဒေလီမြို့၏ ဂျာမေ့အ်ဗလီကြီး၌ နှစ်နာရီခွဲခန့် တရားဟောကြားတော်မူသည်။ တရားပွဲပြီးဆုံးသွားသောအခါ ဆရာကြီးမှာ အိမ်သို့ပြန်ရန် လှေခါးမှဆင်းနေစဉ် ပုဂ္ဂိုလ်တစ်ဦး အပြေးအလွှားရောက်လာခဲ့သည်။

၎င်းသူသည် လှေကားပေါ်၌ ဆရာကြီးနှင့်တွေ့ဆုံလိုက်ပြီး (ဆရာကြီးမှန်းမသိသည့်အတွက်ကြောင့်) "မော်လဝီ အစ္စမာအီးလ်ဆဗ်ရဲ့ တရားပွဲအစီစဉ်ပြီးဆုံးသွားပြီလား" ဟု မေးလိုက်လေသည်။ ဆရာကြီးက "ဟုတ်ကဲ့၊ ပြီးဆုံးသွားပါပြီ" ဟု ပြေလိုက်သော်၊ ၎င်းက "ကျွန်တော်ဟာ သူ့တရားပွဲကို နားထောင်ချင်လွန်းလို့ အလွန်ဝေးတဲ့ကျေးရွာက လာတာပါ။ ခုတော့ ကျွန်တော့်ရဲ့လာခြင်းက အခါနှောင်းသွားပြီ၊ ကျွန်တော် သိပ်ဝမ်းနည်းတယ်ဗျာ" ဟု ပြောလေသည်။

ထိုအခါ ဆရာကြီးက "မော်လဝီ အိစ္စမာအီးလ်ဆိုတာ ကျွန်တော်ပါပဲ။ နောင်ကြီး ဒီမှာထိုင်ပါ" ဟုပြော၍ လူထု

ပရိသတ်ရှေ့မှောက်၌ ဟောကြားခဲ့သည့်တရားများကို လှေကားပေါ်၌ပင် အဆိုပါရောက်လာသည့်ပုဂ္ဂိုလ်ကို စ,လယ်,ဆုံး ပြန်လည်ဟောကြားခဲ့လေသည်။

ထိုသို့ဟောကြားခဲ့ပြီးနောက် ပုဂ္ဂိုလ်တစ်ဦးက ''ဆရာကြီး ဘယ်လိုလုပ်လိုက်တာလဲ၊ လူထုပရိသတ်များစွာကို အမှူးပြုပြီး (၂ နာရီခွဲ) ကြာအောင် ဟောကြားခဲ့တဲ့ တရားစကားတွေကို ဒီပုဂ္ဂိုလ်ကိုအမှူးပြုပြီး ပြန်လည် ဟောကြားရပါသလား'' ဟူ၍ မေးမြန်းလေရာ ဆရာကြီးက ''ကျွန်ုပ် ပထမအကြိမ်၌လည်း လူထုပရိသတ်ကို အမှူးပြုခဲ့သည် မဟုတ်။ အလ္လာဟ်အရှင်မြတ်၏နှစ်သက်မှုရရန်အတွက်သာ ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ ဒုတိယအကြိမ်၌လည်း ပုဂ္ဂိုလ်တစ်ဦးကို အမှူးပြုခဲ့သည်မဟုတ်၊ အရှင်မြတ်နှစ်သက်ရန် အတွက်ပင် ပြန်လည်ဟောကြားခဲ့ခြင်းဖြစ်တယ်'' ဟူ၍ ဖြေကြားလိုက်လေသည်။

အလ္လာဟ်အရှင်မြတ်သည် အဆိုပါဆရာသခင်ကြီး၏ စိတ်နှလုံးအတွင်း၌ မကောင်းမှုများကိုတွေ့မြင်ပြီး ယင်းမကောင်းမှုများကို မည်သို့မည်ပုံ တားမြစ် ပြောင်းလဲပေးရမည်နည်းဆိုသည့် ခံစားချက်ဆန္ဒ ပြင်းပြခဲ့မှုကို ထည့်သွင်းပေးတော်မူခဲ့သည်။

အလ္လာဟ်အရှင်မြတ်မှ (ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်း၌လည်း) ထိုသို့သောဆန္ဒပြင်းပြမှု၏ တစ်စိတ်တစ်ပိုင်းကို ထည့်သွင်းပေးသနားတော်မူပါစေသား။

ကျွန်ုပ်တို့သိထားအပ်သည်မှာ လူတစ်ဦး၏စိတ်နှလုံးအတွင်း မကောင်းမှုနှင့်ပတ်သက်၍ ခံစားချက်ဖြစ်ပေါ်လာပြီဆိုလျှင် အနိမ့်ဆုံးအဆင့် ထိုသူ၏မိသားစုကို ပြုပြင်နိုင်စွမ်းရရှိလိမ့်မည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိ၏မိသားစုကိုပင် ထိန်းသိမ်းပြုပြင်နိုင်စွမ်းမရှိခြင်းသည် မိမိ၏စိတ်နှလုံးအတွင်း၌ မကောင်းမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာခံစားချက် မဖြစ်ပေါ်သေးခြင်း (မရောက်ရှိခြင်း) ကြောင့်သာဖြစ်သည်။ သို့ဆိုလျှင် ကျွန်ုပ်တို့သည် မိမိ၏ဘဝသက်တမ်းကို အဓိပ္ပာယ်မဲ့ ဖြုန်းတီးပစ်နေခြင်းသာဖြစ်မည်။

## နိဂုံး (သို့) ရှင်းလင်းချက်

အချုပ်ဆိုရလျှင် လူတိုင်း ကိုယ်စီကိုယ်စီ ကောင်းရာညွှန်ကြား မကောင်းမြစ်တားရမည့်တာဝန်မှာ ဖရပ်ဇ်အိုင်းန်ဖြစ်သည်။ မိမိရှေ့မှောက်၌ မကောင်းမှုပြုနေသည်ကို မြင်တွေ့ရပါက လက်ဖြင့်တားမြစ်နိုင်စွမ်းရှိမူ လက်ဖြင့်တားမြစ်ရမည်။

အကယ်၍ လက်ဖြင့်တားမြစ်နိုင်စွမ်းမရှိပါက နှုတ်ဖြင့်တားမြစ်ရမည်။ ထို့ပြင် အကယ်၍ နှုတ်ဖြင့်လည်း တားမြစ်နိုင်စွမ်းမရှိပါမူ အနိမ့်ဆုံးအဆင့် မိမိစိတ်တွင်း၌ ယင်းမကောင်းမှုကို 'မကောင်းမှုတစ်ခုပါလား' ဟူ၍ မှတ်ယူရမည်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မှ ကျွန်ုပ်တို့အား အထက်ပါစကားရပ်များပေါ်၌ လက်တွေ့ကျင့်ဆောက်တည်နိုင်စွမ်းချီးမြှင့်တော်မူပါစေသား။ (အာမီးန်)

**ပြီးဆုံးသည့်ရက်**
**(၇.၂.၂၀၀၅) တနင်္လာနေ့**

ကွန်ပျူတာစာစီ ဟော်ဝင်နှင်းဆီ
**Ph: 251442**
အစ္စလာမ်ဘာသာရေးစီဒီနှင့်
ဆောင့်ဖ်ဝဲ၊ ကွန်ပျူတာလေ့လာမှုသင်တန်းများ
အမှတ် ၁၂၄၊ ၃၃လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

( ၅၆ )

# သမိုင်းရေးသူများ

✷ ဆိတ်သားကင်တစ်ခု ဖြစ်သွားပြီးတဲ့အချိန်ထိ ဆိတ်တစ်ကောင်ဟာ ကမ္ဘာမြေပေါ်မှာ သူ့ရဲ့သမိုင်းကို ရေးခဲ့တယ်။

✷ သားရေဂျာကင်တစ်ထည် ဖြစ်သွားပြီးတဲ့အချိန်ထိ သိုးတစ်ကောင်ဟာ ကမ္ဘာမြေပေါ်မှာ သူ့ရဲ့သမိုင်းကို ရေးခဲ့တယ်။

✷ နောက်ဆုံးပေါ်ခါးပတ်တစ်ခု ဖြစ်သွားပြီးတဲ့အချိန်ထိ မြွေတစ်ကောင်ဟာ ကမ္ဘာမြေပေါ်မှာ သူ့ရဲ့သမိုင်းကို ရေးခဲ့တယ်။

✷ လူတစ်ယောက်ကျတော့ မြေထဲမှာ မြှုပ်နှံဖြစ်၊ လေထဲမှာ ပြာကလေးတွေ ဝေ့ဝဲတက်သွားပြီးတဲ့အချိန်ထိ ကမ္ဘာမြေပေါ်မှာ သူ့ရဲ့သမိုင်းကိုရေးဖို့ မေ့နေခဲ့တယ်။

အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦးဦး မတ်တတ်ရပ်၍ ''ကျွန်ုပ် သင်တို့ရဲ့အဲဒီလိုပွဲတွေမှာ မပါဝင်ပါရစေနဲ့။ အကယ်၍ ကျွန်ုပ်ကို သင်တို့ရဲ့ ပွဲတွေမှာ ပါဝင်စေလိုတယ်ဆိုရင် သင်တို့ရဲ့ တရားတော်နဲ့ ဆန့်ကျင်တဲ့လုပ်ရပ်တွေကို ရပ်လိုက်ပါ'' ဟု မပြောသရွေ့ ထိုမုန့်တိုင်းမှာ ရပ်စဲမည်မဟုတ်ချေ။